# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၂ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၈၄)


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရန် အခြေခံအားဖြင့် မဲပေးမည့်စာရင်းဇယားများ တိကျမှန်ကန်ရန်လို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးချင်းစီတိုင်း နိုင်ငံသားစိစစ်ရေးကတ် ရှိ၊ မရှိ၊ လဝက ပုံစံ ၆၆/၆ ရှိ၊ မရှိ စိစစ်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁**

ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးခင်ရီနှင့် ဒေါက်တာမျိုးသိန်းကျော်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးငွေးလှိုင်၊ ဦးဇော်ဝင်း၊ ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၃ ခုနှစ်တွင် ကျင်းပရန်ရည်ရွယ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးဖြစ်ကြောင်း၊ မတ် ၁၄ ရက်နှင့် ၂၅ ရက်တို့တွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## အစိမ်းရောင်တံတိုင်း ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် သစ်တောဥပဒေ ပုဒ်မ(၆)၊ ပုဒ်မခွဲ(c) အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း(၉၂၇၄ ဒသမ ၃၈) ဧကရှိသော နယ်မြေကို **“အစိမ်းရောင်တံတိုင်း ဒီရေတောကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၂)အရ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒


**ယနေ့ ဖတ်စရာ**

**မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော် နယ်စပ်ဒေသတို့၌ Myanmar Automated Cargo Clearance System (MACCS) စနစ် ဧပြီ ၁ ရက်တွင် စတင်အသုံးပြုဆောင်ရွက်**

ပြည်တွင်းသတင်း | စာ - ၁၂



**မက်မန်းမြို့သို့ နှစ်ခေါက်လေ**

ဆောင်းပါး | စာ - ၁၆

**ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအသစ် ၂၈၃၇၉ ဦး ထပ်မံတွေ့ရှိ**

နိုင်ငံတကာသတင်း | စာ - ၁၄

mြန်မာ့အလင်း

# မဖြစ်မနေ ကိုင်ဆောင်ထားရမည့် နိုင်ငံသားအထောက်အထားသက်သေခံ

၂၀၂၁ ခုနှစ် မေလ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်မည့် ပန်းခင်းစီမံချက်ကို အချိန်မီပြီးစီးရေးအတွက် သက်ဆိုင်ရာက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရာနှုန်းပြည့်ပြီးစီးနေကြပြီ ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် လူဦးရေ ၄ ဒသမ ၆ သန်းကျော်သည် ကိုင်ဆောင်ကတ်ပြားတစ်ခုခုမရှိဘဲ မဲစာရင်းတွင် ပါဝင်နေခဲ့ခြင်းနှင့် မြန်မာနိုင်ငံတွင် နိုင်ငံသားသက်သေခံ အထောက်အထားတစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသူများ သန်းနှင့်ချီ၍ ရှိနေခြင်းတို့က ပန်းခင်းစီမံချက် ချမှတ်ဆောင်ရွက်ရခြင်း၏ အကြောင်းရင်းဖြစ်ရာ စီမံချက်၏ လုပ်ငန်းပမာဏမှာ လွန်စွာ ကြီးမားလှသည်။

ပန်းခင်းစီမံချက်အရ နိုင်ငံသားတစ်ဦးအနေဖြင့် ကိုင်ဆောင်ရမည့် အသိအမှတ်ပြုကတ်ပြားတစ်ခုခု ကိုင်ဆောင်နိုင်ရေး၊ အိမ်ထောင်စုတစ်ခုအနေဖြင့် အိမ်ထောင်စု လူဦးရေစာရင်းတစ်ခု ထာဝစဉ်ကိုင်ဆောင်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းသည် တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ်၊ မြို့နယ်လုံးကျွတ်ပြီးစီးနေသည့် ဒေသများရှိနေပြီဖြစ်ရာ မေ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခရီးသွားလာခြင်းအပါအဝင် အထောက်အထားပြသရန်လိုအပ်သည့်နေရာတိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုသာ ပြသ၍ စိစစ်မှုခံယူကြရမည်ဖြစ်ပြီး ယာယီထောက်ခံစာများကို ခွင့်ပြုတော့မည် မဟုတ်ကြောင်း မီဒီယာများမှတစ်ဆင့် အသိပေးကြေညာချက်များ ထုတ်ပြန်ထားခဲ့သည်။ သို့ဖြစ်သည့်အလျောက် မေ ၁ ရက်နေ့ တွင် မြို့နယ်အချို့၌ စစ်ဆေးရေးဂိတ်များတွင် ခရီးသွားများအား နိုင်ငံသားစိစစ်ရေးကတ်ပါ မပါ စစ်ဆေးခြင်း၊ မပြုလုပ်ရသေးသူများအား အမြန်ပြုလုပ်ရန် တိုက်တွန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း မေ ၁ ရက်မှစ၍ စစ်ဆေးဆောင်ရွက်မည့် မိဘပြည်သူများသို့ အသိပေးကြေညာထားသည့် နိုင်ငံသားကတ်(မှတ်ပုံတင်) စစ်ဆေးမည့်လုပ်ငန်းစဉ်သည် စနစ်တကျ ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ ယင်းလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်မှာ နိုင်ငံသားအားလုံး နိုင်ငံသားကတ်(မှတ်ပုံတင်) ကိုင်ဆောင်နိုင်ရေးနှင့် မရှိသေးသူများ မဖြစ်မနေ ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ပါကြောင်း၊ ရှိပြီးသူများအနေဖြင့် ပျောက်ဆုံး/ပျက်စီးပါကလည်း ပြန်လည်လျှောက်ထားရယူကြရန် ဖြစ်ပါကြောင်း၊ နိုင်ငံသားကတ်၏ အသုံးဝင်တန်ဖိုးကို သိရှိနားလည်ပြီး စနစ်တကျ ကိုင်ဆောင်ကြရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သတ်မှတ်နေရာများ၌ နိုင်ငံသားကတ် (မှတ်ပုံတင်) စစ်ဆေးသည့်အခါတွင်လည်း လုပ်နည်းလုပ်ဟန် မှန်ကန်စေရေးအတွက် ဆောင်ရွက်ကြရန် စသည်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ တာဝန်ရှိသူများအား မှာကြားခဲ့သည်ကို သတင်း၌ တွေ့ရှိရသည်။

ယခုအခါ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ဆန္ဒမဲပေးမည့် အကျုံးဝင်သူတိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်ထားနိုင်ရေး၊ အမြဲနေထိုင်ရာနေရာဒေသတွင် ဆန္ဒမဲပေးနိုင်ရေးနှင့် နေထိုင်ကြောင်း အထောက်အထားဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း လဝကပုံစံ ၆၆/၆ ရှိရေးတို့မှာ အရေးကြီးသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဝန်ထမ်းများက ကြိုးပမ်းလုပ်ဆောင်နေကြသလို နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်မျိုးမျိုး မပြုလုပ်ရသေးသူ၊ လက်ဝယ်မရှိသူ၊ ပျက်စီးပျောက်ဆုံးနေသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း မရှိသေးသည့် မိသားစုများအနေဖြင့် သက်ဆိုင်ရာဌာနတွင် လျှောက်ထားရယူရေးကို မဖြစ်မနေ ဆောင်ရွက်ကြရန်လိုသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားသက်သေခံ အထောက်အထားသည် နိုင်ငံသားများအတွက် နိုင်ငံသားအခွင့်အရေးပင် ဖြစ်သည်။ ထို့အပြင် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးဆုံးဖြစ်သော အထွေထွေရွေးကောက်ပွဲအတွက် စာရင်းဇယားများ တိကျမှန်ကန်စေရေးအတွက်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း၌ နိုင်ငံသားစိစစ်ရေးကတ် လဝကပုံစံ ၆၆/၆ တို့ ကိုင်ဆောင်ထားရှိကြရမည်ဖြစ်ရာ မိမိတို့အတွက်ရော နိုင်ငံအတွက်ပါ အရေးပါသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် လဝကပုံစံ ၆၆/၆ တို့ ရရှိကိုင်ဆောင်ထားနိုင်ရေး အလေးအနက်ဂရုပြုဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။



# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် တက်ရောက်လာသူများက ၂၀၂၂ ခုနှစ် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများ အတွဲဖွဲ့စည်းထားမှုနှင့် ရောင်းချမည့် အခြေအနေ၊ လုံခြုံရေးဆိုင်ရာ အခြေအနေ၊ ပြပွဲတက်ရောက်မည့် ပြည်တွင်း/ပြည်ပ ရတနာကုန်သည်များ၏ တည်းခိုနေထိုင်ရေး အခြေအနေနှင့် ပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်အတွဲများအတွက် ငွေပေးချေမှု အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၈၅) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၈၅) နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်းတည်ထောင်သောနေ့ (Foundation Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးစစ်အေး၊ ဦးဆန်းမြင့်နှင့် ဇနီး၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်နှင့် ဇနီး၊ ဦးစိုးတင့်နှင့် ဇနီး၊ သူရဦးဘိုနီနှင့် ဇနီး၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက အဖွဲ့နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ခြင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရာ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် စီမံထူးချွန်တံဆိပ် (ပထမအဆင့်) ရရှိသူများ၊ ဝန်ထမ်းလုပ်သက် နှစ် (၃၀) ပြည့်သူများကို ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများသို့ အမှတ်တရလက်ဆောင် ယူနီဖောင်း ဝတ်စုံများ ချီးမြှင့်ခြင်း၊ အဖွဲ့အဆင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ ရေးဖြေစာမေးပွဲ ထူးချွန်ဆုရရှိသူဝန်ထမ်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် သင်တန်းများ၌ သင်တန်းသားစံပြဆုနှင့် ထူးချွန်ဆုရရှိသူများ၊ နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် အိမ်ခန်းအလိုက် သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံးဆု ရရှိသူများ၊ မီးဘေးလုံခြုံရေးဆိုင်ရာ မီးငြိမ်းသတ်စက် ကိုင်တွယ်အသုံးပြုခြင်း ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခြင်းနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနအဆင့် လွန်ဆွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် လွန်ဆွဲ (အမျိုးသား) အသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဝန်ထမ်းများ ပျော်ပွဲရွှင်ပွဲ လှူပ်ရှားနေမှုများကို လိုက်လံကြည့်ရှု အားပေးကြပြီး ဗလာမပါကံစမ်းမဲများ ဖောက်ပေးသည်။ ညနေပိုင်းတွင် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များကို ညစာဖြင့် တည်ခင်းဧည့်ခံကာ ဝန်ထမ်းများကို အထူးကံစမ်းမဲများ ဖောက်ပေးပြီး သီဆိုဖျော်ဖြေပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာဖြေဆို

**ကျောင်းကုန်း မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာကို ယနေ့နံနက် ၉ နာရီက ဖြေဆိုကြသည်။

ဒုတိယနေ့ တက္ကသိုလ်ဝင်စာမေးပွဲသို့ ကျောင်းတွင်းနှင့် ကျောင်းပြင် ကျောင်းသား ၆၆၀ နှင့် ကျောင်းသူ ၈၄၂ ဦး စာရင်းရှိ ၁၅၀၂ ဦးတွင် ကျောင်းသား ၆၂၃ ဦးနှင့် ကျောင်းသူ ၈၂၁ ဦး စုစုပေါင်း ၁၄၄၄ ဦး ဖြေဆိုခဲ့ကြပြီး ပျက်ကွက်မှုမရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်း ၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အ.ထ.က(၁)၊ အ.ထ.က (၂)၊ အ.ထ.က ဂုန်မင်း၊ အ.ထ.က အစုကြီး၊ အ.ထ.က ချောင်ကြီး၊ အ.ထ.က တံခွန်တိုင်၊ အ.ထ.က ဒေါင့်ကြီး၊ အ.ထ.က ပေါက်ဆိန်ပဲ့၊ အ.ထ.ကဝက်ခြံဂရက်နှင့် အ.ထ.က လှည်းဆိပ်စသည့် အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်း၌ ဖြေဆိုခဲ့ကြပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မသန်စွမ်းကျောင်းသူတစ်ဦး ဖြေဆိုကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

- ❒ **ဆန္ဒမဲပေးမည့်အကျုံးဝင်သူတိုင်းသည် နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်ထားနိုင်ရေး၊ အမြဲနေထိုင်ရာနေရာဒေသတွင် ဆန္ဒမဲပေးနိုင်ရေးနှင့် နေထိုင်ကြောင်း အထောက်အထားဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း လဝက ပုံစံ ၆၆/၆ ရှိရေးတို့ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း သိရှိအောင် အသိပညာပေး ဆောင်ရွက်ကြရမည်**
- ❒ **၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အိမ်ထောင်စုလူဦးရေစာရင်းအား လဝက ပုံစံ ၆၆/၆၊ နိုင်ငံသားစိစစ်ရေးကတ် စသည်တို့နှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးနိုင်မှုမရှိဘဲ ရှိ/ကောက် စနစ် ဆောင်ရွက်ခဲ့၍ မဲမသမာမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့**

❖ *ရွှေဖုံးမှ*

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်၌ အကြိုညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဖြစ်ကြောင်း၊ တပ်မတော်ပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးထားပြီးဖြစ်ကြောင်း၊ ယခုအစည်း အဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ရမည့် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ ကိုလည်း အသိပေးလိုကြောင်း။

### တိကျမှန်ကန်ရန်လိုအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရန် အခြေခံအားဖြင့် မဲပေးမည့်စာရင်းဇယားများ တိကျမှန်ကန်ရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပမည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တစ်နိုင်ငံလုံး၏ လူဦးရေစာရင်းကို ကိုင်တွယ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့၏ အခန်းကဏ္ဍသည် များစွာ အရေးကြီးပါကြောင်း၊ စာရင်းဇယားများတိကျခိုင်မာ မှန်ကန်မှသာလျှင် မှန်ကန်သည့်ဆန္ဒမဲပေးနိုင်မည့် အနေအထားဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးမည့် အကျုံးဝင်သူတိုင်းသည် နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်ထားနိုင်ရေး၊ အမြဲနေထိုင်ရာ နေရာဒေသတွင် ဆန္ဒမဲပေးနိုင်ရေးနှင့် နေထိုင်ကြောင်း အထောက်အထားဖြစ်သည့် အိမ်ထောင်စု လူဦးရေစာရင်း လဝက ပုံစံ ၆၆/၆ ရှိရေးတို့ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း သိရှိအောင် အသိပညာပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### မြေပြင်စာရင်းမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေး

၂၀၂၃ ခုနှစ်တွင် ကျင်းပရန်ရည်ရွယ်ထားသည့် ရွေးကောက်ပွဲသည် လွတ်လပ်သည့် တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် အခြေခံအားဖြင့် စာရင်းဇယား မှန်ကန်တိကျရန် အဓိကလိုအပ်ပါသဖြင့် စာရင်းဇယားများ တိကျမှန်ကန်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဌာနများနှင့်ပေါင်းစပ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးချင်းစီတိုင်း နိုင်ငံသားစိစစ်ရေးကတ် ရှိ၊ မရှိ၊ လဝက ပုံစံ ၆၆/၆ ရှိ၊ မရှိ တစ်အိမ်တက် တစ်အိမ်ဆင်းစိစစ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဌာနရှိ တစ်နိုင်ငံလုံး ထုတ်ပေးထားသည့် မှတ်ပုံတင် မှတ်တမ်းများကို မှတ်တမ်းစာအုပ်မှကွန်ပျူတာသို့ ပြောင်းနေပါကြောင်း၊ အဆိုပါ ကွန်ပျူတာသို့ စာရင်း သွင်းပြီးချိန်တွင် လဝက ပုံစံ ၆၆/၆ ကိုလည်း တစ်ပြိုင်နက် ကွန်ပျူတာအတွင်း စာရင်းသွင်းလျက် ရှိပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်စာရင်းနှင့် လဝက ပုံစံ ၆၆/၆ များ ကွန်ပျူတာအတွင်း ရရှိပြီးပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များသို့ ပူးပေါင်းအဖွဲ့များဖြင့် ရွေးကောက်ပွဲကျင်းပရန် ရည်ရွယ်ထားသည့် ၂၀၂၃ ခုနှစ်မတိုင်မီ မြေပြင်စာရင်း မှန်ကန်မှု ရှိ၊ မရှိ ပြီးစီးအောင် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

### ကြပ်မတ်စိစစ်ဆောင်ရွက်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အိမ်ထောင်စုလူဦးရေစာရင်းအား လဝက ပုံစံ ၆၆/၆၊ နိုင်ငံသားစိစစ်ရေးကတ် စသည်တို့နှင့် မြေပြင် တိုက်ဆိုင်စစ်ဆေးနိုင်မှုမရှိဘဲ ရှိ/ကောက် စနစ် ဆောင်ရွက်ခဲ့၍ မဲမသမာမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံသားတစ်ဦးလျှင် နိုင်ငံသား စိစစ်ရေးကတ်တစ်ခုသာ တရားဝင်ကိုင်ဆောင်ခွင့် ရှိသဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ မှန်၊ မမှန် ကြပ်မတ်စိစစ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး တရား မဝင်ကတ်များကို ပယ်ဖျက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ပုံစံ ၆၆/၆ များကိုလည်း စိစစ်ကြရမည်ဖြစ် ကြောင်း၊ သို့မှသာ ဆန္ဒမဲပေးရာတွင် သန့်ရှင်း လွတ်လပ်၍ တရားမျှတမည်ဖြစ်ကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၏ တစ်နိုင်ငံလုံး မှတ်ပုံတင်ထုတ်ပေးထားသည့် စာရင်းမှာ ၅၁ သန်းကျော် ထုတ်ပေးပြီးဖြစ်ကြောင်း၊ အဆိုပါ ထုတ်ပေးပြီးစာရင်းတွင် သေဆုံးသူများ၊ ပြည်ပသို့ထွက်ခွာသွားသူများ၊ ပျက်စီး၊ ပျောက်ဆုံးနှင့် နှစ်ကြိမ် သုံးကြိမ်ထပ်သူများလည်း ပါဝင်နေမည် ဖြစ်ကြောင်း၊ သက်ဆိုင်ဝန်ကြီးဌာနလုပ်အားဖြင့် ကွန်ပျူတာသို့ စာရင်းသွင်းရာတွင် ယခုအထိ ၂၇ သန်းကျော် ပြီးစီးပါကြောင်း၊ စာရင်းရေးသွင်းရန် ကျန်အရေအတွက်သည် ၂၄ သန်းကျော် ရှိနေသေး ကြောင်း၊ အဆိုပါ ကျန်ရှိသည့်အရေအတွက်ကို ကွန်ပျူတာအတွင်း အချိန်မီရိုက်သွင်းကြရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနတစ်ခုတည်းအင်အားဖြင့် ကွန်ပျူတာသို့ စာရင်းသွင်းပါက ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲအတွက် အချိန်မီပြီးစီးရန် ကြိုးပမ်း လျက်ရှိသဖြင့် အချိန်မီရိုက်သွင်းနိုင်ရန် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့နယ်မြေအလိုက် နှစ်လအတွင်း အချိန်မီပြီးစီးနိုင်ရေး စီမံဆောင်ရွက်ကြ ရန် မှာကြားလိုကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံသားစိစစ်ရေးကတ်နှင့် လဝက ပုံစံ ၆၆/၆ တို့၏ ကွန်ပျူတာစာရင်းသွင်းခြင်းလုပ်ငန်းပြီးဆုံး ပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အဆင့်အထိ တစ်အိမ်တက် တစ်အိမ်ဆင်း တိုက်ဆိုင် စစ်ဆေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းပမာဏသည် များစွာကျယ်ပြန့်ပါကြောင်း၊ အချိန်များစွာ ရယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသည့် စာရင်းဇယားများအား ကွန်ပျူတာအတွင်း အမြန်ဆုံးဖြည့်သွင်းရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကြိုတင်ဖြန့်ဝေပေးထား သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အလိုက် စာရင်းဇယားများအား အမြန်ဆုံးဖြည့်သွင်းနိုင်ရေး အတွက် ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်၍ အမြန်ဆုံးရေးသွင်းနိုင်ရေးနှင့် ဝန်ကြီးဌာန၏ Sever အတွင်း ရောက်ရှိရေးအတွက် အားလုံးကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် အတွင်းကျင်းပမည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် ရွေးကောက်ပွဲ ဆိုင်ရာအချက်အလက်များနှင့် ပြဋ္ဌာန်းချက်များကို အားလုံး သိရှိလိုက်နာနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်း များနှင့်ပေါင်းစပ်၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် သွားကြရန် လိုအပ်ကြောင်းပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူ များက ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ မဲစာရင်းများမှန်ကန်ရေးအတွက် သက်ဆိုင်ရာကဏ္ဍ များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စာရင်း ဇယားအချက်အလက်များ ဖြည့်သွင်းခြင်းအတွက် Working Group များချိတ်ဆက်ဆောင်ရွက်မည့်ပုံ စံများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူး ကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

❒ *ရွှေဖုံးမှ*

**“အစိမ်းရောင်တံတိုင်းဒီရေတောကြိုးပြင်ကာကွယ်တော”**ကို ဒေသတွင်းရှိ ရေမြေသဘာဝနှင့် ရာသီဥတုကို မျှတစေရန်၊ ဇီဝမျိုးစုံနှင့် ဂေဟစနစ်ကို ရေရှည်တည်တံ့စေရန်၊ ဒေသစိမ်းလန်းစိုပြည်ရေး နှင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြု နိုင်ရန်၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ရှိသော ကျေးရွာများကို လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ဒီရေလှိုင်းရိုက်ခတ်ခြင်း စသည့်သဘာဝဘေးအန္တရာယ် များဘေးမှ ဒီရေတောအပင်များဖြင့် တံတိုင်းကြီး တစ်ခုသဖွယ် ကာကွယ်တားဆီးနိုင်ရန်၊ ဒီရေတော နယ်နိမိတ်အတွင်း သစ်တော၊ ရေ၊ မြေ၊ သားငှက် တိရစ္ဆာန်များအတွက် ဘေးကင်းလုံခြုံ၍ တည်ငြိမ် သောဂေဟစနစ်ကို ဖြစ်ပေါ်လာစေရန်နှင့် ဒေသခံ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာ နိုင်ရန် ရည်ရွယ်၍ ဒီရေတောကြိုးပြင်ကာကွယ်တော အဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

အစိမ်းရောင်တံတိုင်း ဒီရေတောကြိုးပြင် ကာကွယ်တောဧရိယာအတွင်း ဒီရေတောအပင် မျိုးစိတ်များဖြစ်သည့် သမဲ့၊ ကန့်ပလာ၊ ဖြူးခြေ ထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ ကနစို၊ ကျနပင်များ ပေါက်ရောက်ပြီး ငါး၊ ပုစွန်၊ ကဏန်းတို့ပေါက်ဖွားရာ နေရင်းဒေသများလည်းဖြစ်ပါသည်။ ငှက်ကြီး ဝံပို၊ ငှက်ကျား၊ မယ်သူတော်၊ ဗျိုင်း စသည့် ရေပျော်ငှက် များ ကျက်စားရာဒေသလည်း ဖြစ်ပါသည်။

ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ် ကာကွယ်ထိန်းသိမ်းလိုက်ခြင်းဖြင့် ဒီရေတောများ စနစ်တကျ စီမံအုပ်ချုပ်နိုင်ခြင်း၊ အစိမ်းရောင် သဘာဝတံတိုင်းတစ်ခုအဖြစ် ဒီရေတောများ ပေါ်ထွက်လာခြင်း၊ သစ်တောပြုန်းတီးမှုထိန်းသိမ်း ကာကွယ်နိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှုများ တိုးပွား လာ၍ ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားလာခြင်း၊ ရာသီဥတုသာယာမျှတခြင်း၊ သား၊ ငါး၊ ပုစွန်များ ပေါကြွယ်ဝခြင်း၊ ဒေသခံပြည်သူများအတွက် သစ်၊ ထင်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်၍ ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ် ကြေညာခြင်းဖြစ်ပါသည်။



**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၆ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်)

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကိုကိုလွင် အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၇ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်)

### ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးမြင့်စိုး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ မျိုးသန့် | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

◆ *ကျောဖုံးမှ*

နိုင်ငံခြားရေးဝန်ကြီးများဦးဆောင်သည့် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန်အကျိုးရှိစေမှုအပေါ်မူတည်ပြီး အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်သွားရေး၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး၊ တရုတ်နိုင်ငံ ချုံချင်းမြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထုတ်ကုန်များအတွက် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး လျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ယာယီနယ်စပ်ဂိတ်နှင့် အမြဲတမ်းနယ်စပ်ဂိတ် တိုးမြှင့်ဖွင့်လှစ်သွားနိုင်မည့် အလားအလာများကို ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။ အာဆီယံ၏ တူညီဆန္ဒ(၅)ရပ် ဆက်လက်အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုရေးမူဝါဒနှင့် အာဆီယံပဋိညာဉ်နှင့် အခြေခံမူများနှင့်အညီ နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးက ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေ၊ မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက် (၉) ချက်နှင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်တို့၏ တိုးတက်မှုများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများရှေ့မှောက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံမှ ငှက်ပျောသီးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့ရန် အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်များ လဲလှယ်ခဲ့သည်။ ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင်းမြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံးထူထောင်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်အရ တရုတ်နိုင်ငံမှ ယွမ်သန်း ၆၅၀ ကို မြန်မာအတွက် ကူညီထောက်ပံ့သွားရန်ရှိကြောင်းနှင့် ငှက်ပျောသီးတင်ပို့ရန် အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်အရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ငှက်ပျောသီးတင်ပို့မှုအခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

သတင်းစဉ်

# အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၁**

အာဆီယံ + ၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေး (ASEAN+3 Finance and Central Bank Deputies' Meeting – AFCDM+3) အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်သည်။ **(ယာပုံ)**

ပထမဦးစွာ ဒေသတွင်း မေခရိုစီးပွားရေးအလားအလာ (Regional Economic Outlook) နှင့်စပ်လျဉ်း၍ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (AMRO) မှ "ASEAN +3 Growth Strategic in the Pandemic's Wake" ခေါင်းစဉ်ဖြင့် တင်ပြခဲ့ပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် မူဝါဒတုံ့ပြန်ဆောင်ရွက်ချက်များအဖြစ် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ဘဏ်လုပ်ငန်းကဏ္ဍအတွင်း ငွေကြေးလုံလောက်မှုရှိစေရန်၊ ချေးငွေရရှိမှု အဆင်ပြေချောမွေ့စေရန်နှင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်စေရန်အတွက် အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူခြင်း၊ သီးသန့်ငွေလိုအပ်ချက်အချိုး လျှော့ချပေးခြင်းနှင့် အတိုးနှုန်းလျှော့ချပေးခြင်း စသည့် ငွေကြေးမူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များနှင့်အတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဗဟိုဘဏ်အတိုးနှုန်းကို စုစုပေါင်း (၃) ကြိမ် ၃ ရာခိုင်နှုန်းလျှော့ချ သတ်မှတ်ပေးခဲ့ပါကြောင်း၊ ဘဏ်များ၏ Credit Risk Management ကို ထိန်းကျောင်းရန် ချေးငွေများကို Restructure and Reschedule ဆောင်ရွက်ခွင့်ပြုထားပြီး ယင်းချေးငွေများနှင့်ပတ်သက်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးတိုးတက်မှု အထောက်အကူပြုရန် ငွေကြေးအရင်းအမြစ်များကို ပြည်တွင်းဘဏ်အချင်းချင်း ဈေးကွက် (Interbank Market) မှတစ်ဆင့် ဆောင်ရွက်ရန် အားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်းဘဏ်များနှင့် နိုင်ငံခြားဘဏ်ခွဲများကို ဘဏ်အချင်းချင်း ချေးငွေဖလှယ်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခဲ့ပါကြောင်း၊ ကုန်သွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေနိုင်ရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန် တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုနှင့် ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း၊ လက်ရှိ ကမ္ဘာ့ငွေရေးကြေးရေးအခြေအနေတွင် အထူးသဖြင့် လောင်စာဆီဈေးနှုန်း မြင့်တက်လာခြင်းကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယခုနှစ်ကုန်အထိ ပျော့ပျောင်းသောငွေကြေးမူဝါဒ (Easing Monetary Policy) ကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (AMRO) ၏ ၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းအစီအစဉ်၊ ဘတ်ဂျက်နှင့် ဝန်ထမ်းခန့်ထားရေးဆိုင်ရာကိစ္စရပ်များ၊ ကာလလတ်အကောင်အထည်ဖော်မှု အစီအစဉ် (၂၀၂၂-၂၀၂၆) နှင့် AMRO ၏ စီမံခန့်ခွဲမှုအဆင့်ရာထူးရွေးချယ်မှုအစီအစဉ်နှင့် AMRO Director ၏ ၂၀၂၁ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအကဲဖြတ်အချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ချင်းမိုင်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး (CMIM) အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ပြည်တွင်းသုံးငွေကြေးထည့်ဝင်မှု၊ မာဂျင်သတ်မှတ်မှုဆိုင်ရာလမ်းညွှန်ချက်များ၊ (၁၃)ကြိမ်မြောက် အစမ်းလေ့ကျင့်မှုအတွက် လုပ်ငန်းအစီအစဉ်၊ အာဆီယံ+၃ အနာဂတ်ဦးစားပေးအစီအစဉ်များနှင့် အာရှငွေချေးစာချုပ် ဈေးကွက်အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၄/ ၂၀၂၂) ကျင်းပ



**နေပြည်တော် မေ ၁**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကိုနှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မကြာမီ သင်္ကြန်ကာလ ရောက်ရှိမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ကို သတ်မှတ်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုထားရှိပြီးဖြစ်သဖြင့် ဝန်ကြီးဌာနများအနေဖြင့်လည်း စနစ်တကျလိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**မီးဘေးအန္တရာယ် သတိထားရမည်**

ရေဝတီမြစ် အနောက်ဘက်ခြမ်းရှိ မြို့များ၊ ကျေးရွာများကို ဖွံ့ဖြိုးတိုးတက်ရန်အတွက် သေချာဂရုတစိုက် ဝိုင်းဝန်းဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲက မှာကြားမှုဝါဒချမှတ်ထားပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ လုပ်ဆောင်နေရသည့် အခန်းကဏ္ဍများကို ဆွေးနွေးတင်ပြရန် လိုအပ်ပါကြောင်း၊ ယခုကာလသည် နွေရာသီဖြစ်သည့်အတွက် ဝန်ကြီးဌာနများအပါအဝင် မိမိတို့တစ်နိုင်ငံလုံး မီးဘေးအန္တရာယ်ကို သတိထားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၃၀ အတွင်း တောမီးလောင်မှုအပါအဝင် သစ်တောပြုန်းတီးမှု ၁၆ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ကြောင့် ယခုတည်ရှိနေသည့် သစ်တောများကို ထိန်းသိမ်းရမည့်အပြင် တစ်အုပ်တစ်မစိုက်ခင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ မကြာမီ မိုးရာသီကာလအတွင်း နိုင်ငံနှင့်အဝန်း စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၌ သဘာဝဘေးနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ နောက်ဆက်တွဲအကျိုးဆက်များကို ဟန့်တားနိုင်ရန် အစီအစဉ်ကောင်းများဖြင့် စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးရဲတင့်၊ ဦးဝင်းရှိန် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာကြသည့် အမှာစာကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ ဆက်လက်တင်ပြရန် ကိစ္စရပ်များနှင့် ကော်မတီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကို အတည်ပြုသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ ယခင်အစည်းအဝေးများတွင် ကော်မတီဝင်များက အထွေထွေတင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်ပါ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒေါက်တာအောင်ကြီး၊ ဦးမင်းထိန်၊ ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၈၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**နေပြည်တော် မေ ၁**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၈၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်- ၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို "မျှော်မှန်းချက်များရရှိဖို့ ကြိုးစားချီတက်ကြပါစို့" ရုံးသီချင်းဖြင့် စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ အားကောင်းလာစေရေး ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်လာခဲ့သည်မှာ ယနေ့ ၂၀၂၂ ခုနှစ် မေ ၁ ရက်တွင် (၈၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ စစ်ဆေးရေးစံ၊ စစ်ဆေးရေးနည်းလမ်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အပြင် IT Audit ကနဦး စမ်းသပ်စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရည်အသွေးတာဝန်ခံသော စစ်ဆေးရေးလုပ်ငန်းစဉ်များနှင့် အရည်အသွေးပြည့်ဝသော အစီရင်ခံစာများ ဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှစ၍ လွှဲပြောင်းလက်ခံခဲ့သည့် ၂၀၂၁ - ၂၀၂၃ ခုနှစ်အတွက် ASEANSAI အလှည့်ကျဥက္ကဋ္ဌတာဝန်ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများအနေဖြင့် ရုံး၏ကောင်းမွန်သော သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် စည်းကမ်း၊ စံနမူနာပြ သယ်ပိုးဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့မှ စာတမ်းဖတ်ပွဲတွင် ထူးချွန်ဆုရရှိသူ သုံးဦးကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ ပညာရည်ချွန်ဆုနှင့် ရုံးမဂ္ဂဇင်းစာမူဆုရ ဝန်ထမ်းများနှင့် စာတမ်းဖတ်ပွဲတွင် စာတမ်းဖတ်ကြားခဲ့သူများကို လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သမိုင်းကြောင်းနှင့် တစ်နှစ်တာအတွင်း တိုးတက်ပြောင်းလဲမှုကို ရိုက်ကူးတင်ဆက်ထားသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းလွှာ Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အနေဖြင့် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယေဘုယျအားဖြင့် အများလက်ခံကျင့်သုံးလျက်ရှိသော စာရင်းစစ်စံများမှ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် စာရင်းစစ်စံများသို့ ပြောင်းလဲ ဆောင်ရွက်မှုနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများကို IT နည်းပညာဖြင့် စွမ်းဆောင်ရည်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ခြင်းခေါင်းစဉ်တို့ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ အမှုထမ်းများက စုပေါင်းခန်းမနှင့် နေပြည်တော် သင်တန်းကျောင်းခန်းမနှစ်ခုမှ လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် (တာဝန်ခံ) ညွှန်ကြားရေးမှူးများ၊ ခရိုင်/ မြို့နယ်ဒေသစာရင်းစစ်ရုံး ၂၆၆ ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးဝန်ထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိမိတို့ရရှိလာသည့် အတွေ့အကြုံ၊ ပညာများနှင့်အတူ အခွန်ထမ်းပြည်သူများကို အဂတိတရားကင်းရှင်းစွာ ဝန်ဆောင်မှုပေးကြရမည်ဖြစ်



**နေပြည်တော် မေ ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၇၆) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း မြို့နယ် အခွန်ဦးစီးဌာနမှူးများအနေဖြင့် သင်တန်းမှပို့ချပေးခဲ့သည့် အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေများ၊ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲနေသော အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ အသစ်ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားလွှာ၊ အမိန့်ကြော်ငြာစာများ၊ စီမံရေးရာနှင့်ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လက်တွေ့လုပ်ငန်းခွင်တွင် ကြုံတွေ့ရမည့် အခွန်စည်းကြပ်ကောက်ခံမှုအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများကို လေ့လာသင်ယူကြပြီးဖြစ်၍ သင်တန်းမှ ဆည်းပူးရရှိလာသည်များကို လက်တွေ့ဆောင်ရွက်မှုများဖြင့် ပေါင်းစပ်အသုံးချဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ရရှိလာသည့် အတွေ့အကြုံ၊ ပညာများနှင့်အတူ အခွန်ထမ်းပြည်သူများကို စိတ်ရင်းစေတနာအမှန်ဖြင့် အဂတိတရားကင်းရှင်းစွာ ဝန်ဆောင်မှုပေးကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနကို အဆင့်မီအခွန်ဌာနတစ်ရပ်ဖြစ်လာစေရန် အဓိက ဦးတည်အကောင်အထည်ဖော်ရာတွင် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသည် အရေးကြီးကြောင်း၊ သို့မှသာလျှင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝရရှိရေးကို ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်တွင် အခွန်ထမ်းပြည်သူများကပေးသွင်းသော အခွန်ငွေများကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူ့ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ အကျိုးရှိရှိခွဲဝေသုံးစွဲဆောင်ရွက်နေသည်ကို အခွန်ထမ်းပြည်သူများ သိရှိနားလည်သဘောပေါက်လာအောင် ဝန်ထမ်းများက စိတ်ရှည်စွာရှင်းပြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ထမ်းပြည်သူများက တာဝန်သိစွာ အခွန်ပေးဆောင်လာစေရန် စဉ်ဆက်မပြတ် အသိပညာပေး စည်းရုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူ သင်တန်းသားများကို ဆုများ ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အဆင့်မြင့်အရာထမ်းများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့သည့် အဆိုပါသင်တန်းသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းနေသေးသော တိုင်းဒေသကြီး /ပြည်နယ်များအနေဖြင့် ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့်ထိုးနှံပေးရန် လိုအပ်

**နေပြည်တော် မေ ၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အရှိန်အဟုန်တိုးမြှင့်ထိုးနှံနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်း အဝေးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ၂၀၂၁ ခုနှစ် နှစ်ကုန်တွင် ရည်မှန်းလူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော် ထိုးနှံပေးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဧပြီလကုန်တွင် ရည်မှန်းလူဦးရေ၏ ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်ဆေးလွှမ်းခြုံမှုအားကောင်းခဲ့၍ စတုတ္ထလှိုင်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှု လျော့နည်းခဲ့ခြင်းပြီး ဖြေလျှော့မှုများဖြစ်သည့် လေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ စတုတ္ထလှိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုများမှာ ကာကွယ်ဆေးအကြိမ်ပြည့်မထိုးနှံထားသူ အများစုဖြစ်ပါကြောင်း။

ထိုသို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်ရေးဆောင်ရွက်ခဲ့ရာတွင် ဦးဆောင်လမ်းညွှန်မှုများ ပေးအပ်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အနီးကပ်ကြီးကြပ်မှုများ ပေးအပ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းများကို ကျေးဇူးအထူးပင် တင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့်ထိုးနှံနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အများစုတွင် အောင်မြင်မှုများရရှိခဲ့သော်လည်း အချို့သောတိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်ရန်လုပ်ငန်းများစွာ ကျန်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းဖြင့် ကိုယ်ခံစွမ်းအား မြင့်မားစေပြီး ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ပိုးများကြောင့် ရောဂါပြင်းထန်စွာ ဖြစ်ပွားမှုများကို ကာကွယ်နိုင်သည်ဖြစ်၍ နောင်အလားတူ ကြုံတွေ့လာနိုင်သည့် မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးများကြောင့် ရောဂါပြင်းထန်စွာ ဖြစ်ပွားလာနိုင်မှုကိုလည်း ကာကွယ်နိုင်စွမ်းရှိနိုင်သည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကာကွယ်ဆေးထိုးလုပ်ငန်းသည် အထူးအရေးပါသည့်ကဏ္ဍ ဖြစ်သည့်အတွက် အောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းနေသေးသော တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့်ထိုးနှံပေးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဝယ်ယူလှူဒါန်းရရှိထားသည့် ကာကွယ်ဆေးများ ဖြစ်သည့်အတွက် အလေအလွင့်မရှိ ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းအောက်လျော့နည်းနေသော မြို့နယ်များကို ဆန်းစစ်၍ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုတိုးမြှင့်ရန်အတွက် ကာကွယ်ဆေးများ အဆင်သင့်ရှိပြီးဖြစ်သဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ဆေးထိုးအဖွဲ့များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် အခြားနီးနွယ်ဌာနများနှင့် ပူးပေါင်း၍ အထူးအစီအစဉ်များဖြင့် တိုင်းဒေသကြီး/ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများမှ ဆောင်ရွက်မည့်အစီအစဉ်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက မြို့နယ်များအလိုက် အရှိန်အဟုန်မြှင့်တင်၍ ကာကွယ်ဆေးထိုးနှံရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်မည့် အစီအမံများကို အသေးစိတ်တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှမ်းခြုံမှု ရာခိုင်နှုန်းကို တွက်ချက်ရာတွင် ရည်မှန်းလူဦးရေစာရင်း တိကျမှန်ကန်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အိမ်တိုင်ရာရောက် ကာကွယ်ဆေးထိုးနှံနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ အသက် (၁၈) နှစ်အောက် ပြည်သူလူထုများ၊ ကျောင်းသားကျောင်းသူများ ကာကွယ်ဆေးဆက်လက်ထိုးနှံနိုင်ရေး စီမံဆောင်ရွက်ရန်၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကောင်းမှသာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့ကျလာမည်ဖြစ်ပြီး ဖြေလျှော့မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကာ လူမှုစီးပွားဘဝတိုးတက်ရေးနှင့် ပညာရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်မည်ဖြစ်၍ အလွန်အရေးကြီးပါကြောင်း၊ ကာကွယ်ဆေးထိုးမှတ်တမ်းများအား VMIS စနစ်တွင် ရေးသွင်းထားပြီး ကာကွယ်ဆေးထိုးကတ်ပြားများ စနစ်တကျထုတ်ပေးရန်နှင့် ကာကွယ်ဆေးထိုးကတ်ပြားများ ကိုင်ဆောင်ထားခြင်းဖြင့် ပြည်သူများအနေဖြင့် ခရီးသွားလာရေး စသည့်တို့တွင် အကျိုးရှိပုံကို ပြည်သူများအား အသိပေးရန်တို့အား ဆွေးနွေးသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ စီမံချက် မန်နေဂျာနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက Virtual စနစ်ဖြင့် တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့စီးပွားရေးအသိုက်အဝန်း ပိုမိုကောင်းမွန်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေခြင်းဆိုင်ရာ အစီအစဉ်များကို မိတ်ဆက်သည့် "Unboxing Investment Facilitation Toolkit 2022" အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများချောမွေ့စေရေး လုပ်ငန်းစဉ်များဖြစ်သော လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူစေခြင်း၊ အွန်လိုင်းဝန်ဆောင်မှုမြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အတားအဆီးများလျှော့ချခြင်း၊ ရင်းနှီးမြှုပ်နှံပြီးနောက်ပိုင်း ဝန်ဆောင်မှုများ တိုးမြှင့်ပံ့ပိုးပေးခြင်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျှော့ချခြင်းနှင့် ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းစေခြင်း စသည့်ဦးတည်ချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေခြင်းဆိုင်ရာ အစီအစဉ် (Investment Facilitation Tools) များကို စီးပွားရေးလုပ်ငန်းအသိုက်အဝန်းသို့ စတင်မိတ်ဆက်သည့် "Unboxing Investment Facilitation Toolkit 2022" အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၊ ဥပဒေဆိုင်ရာဝန်ဆောင်မှုကုမ္ပဏီများနှင့် နိုင်ငံခြားကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်အသင်းအဖွဲ့များ၏ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာစီးပွားရေးသံမှူးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ် နှောင်းပိုင်းကာလများနှင့် ၂၀၂၀၊ ၂၀၂၁ ခုနှစ်တို့တွင် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုများကြောင့် ကမ္ဘာတစ်ဝန်းစီးပွားရေးကျဆင်းမှုများကို မလွှဲမရှောင်သာ တွေ့ကြုံခံစားခဲ့ကြရပါကြောင်း၊




ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိုက်အဝန်း၏ ယုံကြည်အားထားရသည့် မိတ်ဖက်ကောင်းတစ်ရပ်ဖြစ်စေရေးအတွက် ရည်ရွယ်ချက်ထားရှိပြီး SMART Program ချမှတ်၍ ဦးတည်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် "Unboxing Investment Facilitation Toolkit 2022" အခမ်းအနားတွင် SMART Program ၏ ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေခြင်းဆိုင်ရာ အစီအစဉ်လေးမျိုးကို စီးပွားရေးအသိုက်အဝန်းသို့ စတင်မိတ်ဆက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "Unboxing Investment Facilitation Toolkit 2022" အခမ်းအနားတွင် မိတ်ဆက်ပေးသွားမည့် အစီအစဉ်များ ဖြစ်ကြသည့် အီလက်ထရွန်နစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုစနစ် DICA Online Solution (DOSo)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့ (One Stop Service) ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (Standard Operation Procedures)၊ Cost of Doing Business in Myanmar Survey Report 2022 နှင့် DICA Info Android Mobile Application တို့သည် ရှိရင်းစွဲရင်းနှီးမြှုပ်နှံသူများနှင့် မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူ/ အလားအလာရှိသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေပြီး ထိရောက်အကျိုးရှိသည့် ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခေတ်ရေစီးကြောင်းနှင့် ကိုက်ညီမှုရှိပြီး ထိရောက်မှုရှိသည့် ဝန်ဆောင်မှုများကို Online platform မှတစ်ဆင့် ပေးစွမ်းနိုင်ရေးအတွက် Online ဝန်ဆောင်မှုများကို အကောင်အထည်ဖော်လျက်ရှိပြီး မကြာမီကာလအတွင်း ထပ်မံ၍ Online စနစ် အသစ်များကို မိတ်ဆက်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ အစိုးရ–ပုဂ္ဂလိက အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်လာနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ယနေ့မိတ်ဆက်ခဲ့သည့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သက်ဆိုင်ရာညွှန်ကြားရေးမှူးက နည်းပညာဆိုင်ရာကိစ္စရပ်များ၊ အသေးစိတ်အချက်အလက်များနှင့် ဆောင်ရွက်ပုံနည်းစနစ်များ ကို PowerPoint presentation ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဂုဏ်ပြုစကားပြောကြားသည်။

ယနေ့ မိတ်ဆက်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုအစီအစဉ်လေးမျိုးမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စုံစမ်းမေးမြန်းမှုများအတွက် အချိန်မရွေး၊ နေရာမရွေး အွန်လိုင်းမှတစ်ဆင့် ချိန်းဆိုနိုင်ပြီး လွယ်ကူလျင်မြန်စွာ အွန်လိုင်းမှတစ်ဆင့် သက်ဆိုင်ရာအရာရှိများနှင့် တွေ့ဆုံဆွေးနွေးနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အွန်လိုင်းဝန်ဆောင်မှုတစ်ရပ်ဖြစ်သည့် အီလက်ထရွန်နစ်တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုစနစ် DICA Online Solution (DOSo)၊ အစိုးရဌာနများထံမှ လိုင်စင်၊ ခွင့်ပြုချက်များ လျှောက်ထားရယူခြင်းနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ပွင့်လင်းမြင်သာစွာ ဖော်ပြထားသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့ (OSS) ၏ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (SOP)၊ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြေ၊ အဆောက်အဦ၊ လုပ်သား၊ အခွန်အခနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ အချက်အလက်နှင့် ကုန်ကျစရိတ်စသည့် အချက်အလက်များကို လွယ်ကူစွာရှာဖွေကြည့်ရှုနိုင်မည့် Cost of Doing Business in Myanmar Survey Report 2022၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ထုတ်ပြန်ကြေညာချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းရှင်များက အများဆုံးမေးလေ့ရှိသည့် မေးခွန်းများနှင့်အဖြေများကို လက်ကိုင်ဖုန်းများမှတစ်ဆင့် အလွယ်တကူ ကြည့်ရှုနိုင်မည့် DICA Info Mobile Application ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သတင်းပြန်ကြားရေး ကောင်တာဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး(မွမ်းမံ) သင်တန်းဖွင့်

**နေပြည်တော် ဧပြီ ၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော သတင်းပြန်ကြားရေးကောင်တာဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများပါဝင်တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများမှ တာဝန်ခံများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းသား/ သင်တန်းသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သတင်းပြန်ကြားရေးကောင်တာများသည် ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များအတွက် လိုအပ်သော ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်များ ပေးစွမ်းနိုင်သည့်အပြင် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ အသက်သွေးကြောတစ်ခုလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတကာခရီးသွားဧည့်သည်များ အနေဖြင့် ခရီးစဉ်ဒေသ အကြောင်းနှင့် ၎င်းတို့ သိရှိလိုသည်များအား သတင်းပြန်ကြားရေးကောင်တာများသို့သွားရောက်၍ စုံစမ်းမေးမြန်းလေ့ရှိရာ ကောင်တာရှိဝန်ထမ်းများအနေဖြင့် သတင်းအချက်အလက်များအား ပြီးပြည့်စုံစွာဖြေကြားနိုင်ရန်နှင့် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေး အတွက် ဝန်ကြီးဌာနက သတင်းပြန်ကြားရေးကောင်တာများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်သင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊



သတင်းပြန်ကြားရေးကောင်တာများတွင် ခရီးသွားဧည့်သည်များအတွက် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အွန်လိုင်းမှ ရှာဖွေနိုင်စေရန် ဝက်ဘ်ဆိုဒ် (website)၊ ဒစ်ဂျစ်တယ်ဆိုင်းနိစ်ပ့် (Digital Signage)၊ အော့ဖ်လိုင်းအနေဖြင့် လက်ကမ်းစာစောင်များ၊ ခရီးသွားမြှင့်တင်ရေး ကြော်ငြာစာစောင်များ၊ မြေပုံများနှင့် အခြားဆက်စပ်ပစ္စည်းများကို ခရီးသွားဧည့်သည်များ ရယူသုံးစွဲနိုင်ရေးအတွက် လုံလောက်စွာ ထားရှိကြရန် လိုအပ်ပါကြောင်း၊ သင်တန်းဖွင့်လှစ် သင်ကြားပေးရာတွင် သင်တန်းသား သင်တန်းသူများ

*စာမျက်နှာ ၈ သို့*

# ခေတ်အဆက်ဆက်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် မွေးမြူရေးသုတေသနဦးစီးဌာန စတင်ဖွင့်လှစ်

**နေပြည်တော် မေ ၁**

ခေတ်အဆက်ဆက် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသေးသည့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရန် လိုအပ်နေသော သုတေသနလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်တစ်ခုဖြစ်သည့် မွေးမြူရေးသုတေသနဦးစီးဌာန Department of Livestock and Aquaculture Research (DLAR) အသစ်တစ်ခု တည်ထောင်ဆောင်ရွက်ရန် ၂၀၂၁ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မွေးမြူရေးသုတေသနဦးစီးဌာန ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်း၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က မွေးမြူရေးသုတေသနဦးစီးဌာန အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မွေးမြူရေးသုတေသနဦးစီးဌာနအသစ်၏ ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် လယ်ယာ သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများအသုံးပြုပြီး ဘက်စုံကဏ္ဍစုံ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာရေးကို ရည်မှန်းချက်၊ ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ လက်တွေ့အရှိန်အဟုန်ကောင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးကဏ္ဍတွင် လိုအပ်နေသေးသည့် သုတေသနဦးစီးဌာနအသစ်ကို ယနေ့ စတင်တည်ထောင်ပေးခြင်းဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍအတွက် သမိုင်းစာမျက်နှာအသစ်တစ်ခု ဖွင့်လှစ်နိုင်ခြင်း ဖြစ်သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လယ်ယာ၊ သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လက်တွေ့အားပေးနေမှုများကို အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ နယ်ပယ်အသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုတွင် သုတေသနလုပ်ငန်းသည် အရေးပါသောကဏ္ဍမှ ဦးဆောင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တိုးတက်မှုရရှိရန် သုတေသနလုပ်ငန်းများကို အစဉ်တစိုက် ကြိုးစားအားထုတ်ရမည်ဖြစ်သကဲ့သို့ သုတေသနဖော်ထုတ်တွေ့ရှိချက်များကို လက်တွေ့အသုံးချသုတေသနများအဖြစ် ပြောင်းလဲပြီး အမှန်တကယ်အသုံးချမည့်သူများ၏ လက်ဝယ်ရောက်ရှိအောင် ဆောင်ကြဉ်းပေးရန်လိုကြောင်း၊ နိုင်ငံတကာ၏ သုတေသနဆောင်ရွက်ချက်များ ဖော်ထုတ်တွေ့ရှိမှုရလဒ်များမှ အားသာချက် အားနည်းချက်များကို မျက်ခြည်မပြတ်လေ့လာပြီး ရေရှည်အတွက်အကျိုးရှိစေမည့် နည်းပညာရပ်ဆိုင်ရာ သုတေသနနှင့် မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် လက်တွေ့အသုံးချသုတေသနများ ဖွံ့ဖြိုးလာရေး ကြိုးပမ်းကြရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် မွေးမြူရေးသုတေသနဦးစီးဌာနကို လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနဝင်းအတွင်း ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခင်ရှိပြီး မွေးမြူရေး သုတေသနစခန်း ခုနစ်ခု၊ ရေလုပ်ငန်းသုတေသနစခန်းခုနစ်ခု စုစုပေါင်းသုတေသနစခန်း ၁၄ ခုကိုလည်း ယခုဌာနအောက်သို့ လွှဲပြောင်းပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် သုတေသနလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းနယ်မြေရှိ စိုက်ပျိုးရေးဦးစီးဌာန ရိတ်သိမ်းချိန်လွန် နည်းပညာဌာနသို့ရောက်ရှိကြပြီး စားနပ်ရိက္ခာနှင့် အာဟာရဓာတ်ဖူလုံရေးတွင် အရေးကြီးသောသီးနှံများ စိုက်ပျိုးရိတ်သိမ်းပြီးနောက်ပိုင်းလုပ်ငန်းစဉ်များတွင် လေလွင့်မှုလျှော့ချနိုင်ရေးအတွက် သိုလှောင်ထုပ်ပိုးမှုနှင့် တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်နိုင်ရေးဆိုင်ရာ နည်းပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဧရိယာနယ်မြေတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သစ်တောသုတေသနဦးစီးဌာန၊ ရိတ်သိမ်းချိန်လွန်နည်းပညာဌာန ၊ စက်မှုလယ်ယာသင်တန်းကျောင်း၊ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့တည်ရှိပြီး နည်းပညာရပ်ဆိုင်ရာနှင့် သုတေသနဆိုင်ရာများ တည်ရှိနေသော အဝန်းအဝိုင်းတွင် မွေးမြူရေးသုတေသနဦးစီးဌာနကို ယနေ့ စတင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အလားတူ စက်မှုလယ်ယာသုတေသနဌာနတစ်ခု အသစ်ထပ်မံဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

အမှန်တစ်ကယ် သင်ယူတတ်မြောက်နိုင်ရေးအတွက် သင်တန်းနည်းပြများအနေဖြင့်လည်း ကြိုးစားသင်ကြား လေ့ကျင့်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက သတင်းပြန်ကြားရေးကောင်တာများ၏ အရေးပါမှု၊ ကောင်တာများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အရေးကြီးမှုနှင့် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုတင်ပြပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးသွားဧည့်သည်များအတွက် ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာ ၃၅ ခုတို့ တွင် တာဝန်ထမ်းဆောင်မည့် သင်တန်းသားသင်တန်းသူ ၈၂ ဦးကို အင်္ဂလိပ်ဘာသာစကား၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အထွေထွေဗဟုသုတများ၊ သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုမှု ဘာသာရပ်များကို အွန်လိုင်းမှတစ်ဆင့် ရက်သတ္တပတ်နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပင်လောင်းမြို့နယ်၌ ခရီးသွားသူများအား နိုင်ငံသားကတ် ပါ မပါ စတင်စစ်ဆေး

**ပင်လောင်း မေ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ခရီးသွားပြည်သူများအား နိုင်ငံသားကတ် (မှတ်ပုံတင်) ယူဆောင်သွားလာခြင်း ရှိ မရှိ စစ်ဆေးခြင်းကို မြို့အဝင် ပင်လောင်း-လွိုင်ကော်- ပျဉ်းမနားလမ်းခွဲ စုပေါင်းစစ်ဆေးရေးဂိတ်၌ နေ့စဉ် နံနက် ၆ နာရီမှ စတင်စစ်ဆေးလျက်ရှိသည်။

အဆိုပါစစ်ဆေးရာတွင် မေ ၁ ရက်မှစတင်ပြီး ခရီးသွားပြည်သူများအား ဘယ်သွားသွား နိုင်ငံသား(မှတ်ပုံတင်)ကတ် ယူဆောင်သွားရန်နှင့် ထောက်ခံစာဖြင့် ခရီးသွားလာခြင်း၊ တည်းခိုနေထိုင်ခြင်းများ ခွင့်မပြုတော့ကြောင်း သိရသည်။ **ခွန်အာကာစိုး (ပင်လောင်း)**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၂၀၂၂ ခုနှစ် ဧပြီလအတွင်း ဓာတ်အားခ နောက်ဆုံးပေးဆောင်ရမည့်ရက် (Last Date) များအား ပြင်ဆင်သတ်မှတ်ချက် အသိပေးပန်ကြားချက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားသုံးစွဲသူပြည်သူများမှ လစဉ်ပေးဆောင်ရမည့် ဓာတ်အားခများအတွက် လစဉ်လဆန်း ၁ ရက်နေ့မှ ၅ ရက်နေ့အထိ မီတာဖတ်ခြင်း၊ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ ဘီလ်ထုတ်ခြင်း၊ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဘီလ်ပေးဝေခြင်းများ ဆောင်ရွက်ပြီး ငွေလက်ခံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဓာတ်အားခ နောက်ဆုံးပေးဆောင်ရမည့်ရက် (Last Date) များအား လ၏ (၁၇၊ ၁၉၊ ၂၁၊ ၂၃၊ ၂၅) ရက်များတွင် နောက်ဆုံးထား ပေးဆောင်ရန် သတ်မှတ်ကောက်ခံလျက်ရှိပါသည်။

၂။ သို့ရာတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း အတာသင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်များရှိပါသဖြင့် ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် ဓာတ်အားခများပေးဆောင်ရာတွင် အဆင်ပြေစွာပေးဆောင်နိုင်ရေးအတွက် ၃/၂၀၂၂ လ တောင်းခံငွေအပေါ် ဓာတ်အားခနောက်ဆုံးပေးဆောင်ရမည့်ရက် (Last Date) များအား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်၍ ဓာတ်အားခများ ကောက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

| စဉ် | မူလ Last Date | ပြင်ဆင်သတ်မှတ်သည့် Last Date |
|---|---|---|
| (က) | ၁၇-၄-၂၀၂၂ | ၂၀-၄-၂၀၂၂ |
| (ခ) | ၁၉-၄-၂၀၂၂ | ၂၂-၄-၂၀၂၂ |
| (ဂ) | ၂၁-၄-၂၀၂၂ | ၂၄-၄-၂၀၂၂ |
| (ဃ) | ၂၃-၄-၂၀၂၂ | ၂၆-၄-၂၀၂၂ |
| (င) | ၂၅-၄-၂၀၂၂ | ၂၈-၄-၂၀၂၂ |

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း Disposable Mask ၁၆ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ တက်ရောက်ဆဲ ပထမနှစ်သင်တန်းနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ပထမနှစ်သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းနှင့် မဟာဘွဲ့သင်တန်းများအားလုံးကို ၁၂-၅-၂၀၂၂ ရက်နေ့မှစ၍ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ပထမနှစ် ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများစာရင်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန website http://www.mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website http://www.tcu.edu.mm. တို့တွင်လည်း ကြေညာထားမည်ဖြစ်သည်။ **သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ပညာရေးဝန်ကြီးဌာန ပထမနှစ် နေ့သင်တန်းများ ဖွင့်လှစ်မည့်နေ့ရက်နှင့် ပထမနှစ် နေ့သင်တန်းနှင့် အဝေးသင် သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

**နေပြည်တော် မေ ၁**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်းများကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပထမနှစ် နေ့သင်တန်းနှင့် အဝေးသင် သင်တန်းဝင်ခွင့်ရသူများစာရင်းကို မေ ၁ ရက်မှစပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒက္ခိဏခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေး



**နေပြည်တော် မေ ၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်များအတွင်း ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများသို့ သွားရောက်ပြီး ကျောင်းသားကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)

အဆိုပါ စာစစ်ဌာနများမှ တာဝန်ရှိသူများက စာစစ်ဌာနများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စာစစ်ဌာန စုစုပေါင်း ၅၂ ခုတွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၇၂၂၈ ဦး စာရင်းပေးသွင်းကြပြီး ယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၀၉၅ ဦး ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၄၂ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် တက္ကသိုလ်ဝင်ခွင့်ရရှိသူများ ကြေညာ

**မန္တလေး မေ ၁**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင် ပထမနှစ် သင်တန်းသို့ တရုတ်ဘာသာ (၆၄) ဦး၊ အင်္ဂလိပ်ဘာသာ (၇၂) ဦး၊ ပြင်သစ်ဘာသာ (၆၂) ဦး၊ ဂျပန်ဘာသာ (၇၁) ဦး၊ ရုရှားဘာသာ (၅၃) ဦး၊ ထိုင်းဘာသာ (၃၅) ဦး စုစုပေါင်း (၃၅၇) ဦး ဝင်ခွင့်ရရှိကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## ခန္တီးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို အေးချမ်းစွာ ဖြေဆိုလျက်ရှိ

**ခန္တီး မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ၂၀၂၁-၂၀၂၂ ခုပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၃၁ ရက်တွင် စတင်ဖြေဆိုလျက်ရှိရာ ကျောင်းသား ကျောင်းသူများအနေဖြင့် အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူ စာရင်းရှိ၃၁၉ ဦးတွင် လာရောက်ဖြေဆို သူ ၂၉၀ ရှိရာ (၉၀ ဒသမ ၉)ရာခိုင်နှုန်း ဖြေဆိုလျက်ရှိပြီး အဆိုပါစာမေးပွဲဖြေဆိုလျက်ရှိသည့် အ.ထ.က(ခန္တီး) စာစစ်ဌာနသို့ ခန္တီး တပ်နယ်မှူး ဗိုလ်မှူးကြီး သက်ထူးစံနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ဦးဆွေ တို့က လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## ကယားပြည်နယ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုလျက်ရှိ

**လွိုင်ကော် မေ ၁**

၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၃၁ မှစတင်ပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် စတင်ဖြေဆိုလျက်ရှိရာ ကယားပြည်နယ်တွင် လွိုင်ကော်၊ ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ် အသီးသီးရှိ စာစစ်ဌာနများတွင်လည်း စတင်ဖြေဆိုလျက်ရှိသည်။ ကယားပြည်နယ်အတွင်းတွင် စာစစ်ဌာန လေးခုရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးထားသူ ၇၈၀ အနက် ယနေ့အင်္ဂလိပ်စာဘာသာရပ်အား ဖြေဆိုသည့် ကျောင်းသား ကျောင်းသူပေါင်း ၅၇၅ ဦးနှင့် ပျက်ကွက် ၂၀၅ ဦးအနက် မယ်စဲ့မြို့နယ်တွင် ကိုဗစ်လူနာ ဆေးရုံဖြေနှစ်ဦးဖြစ်ပြီး ဖြေဆိုသည့်



ရာခိုင်နှုန်းမှာ (၇၃ ဒသမ ၇၂) ရာခိုင်နှုန်းရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ပြည်နယ်အတွင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများက လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။ **ကိုဇင်(လွိုင်ကော်)**

# တက္ကသိုလ်သုတေသနကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလို




နေပြည်တော် ဧပြီ ၁

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဝင်းရဲထွန်းနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက မြစ်ကြီးနားတက္ကသိုလ်သို့သွားရောက်၍ တက္ကသိုလ်အတွင်း ပြင်ဆင်ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနား တက္ကသိုလ်ရှိ သုတေသနစင်တာသို့ သွားရောက်ကြည့်ရှု၍ မေ ၁၂ ရက်တွင် တက္ကသိုလ်အသီးသီး၌ ဘာသာရပ်အစုံ၊ အတန်းစုံ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်သုတေသနကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ မိမိတို့တက္ကသိုလ်၏ သင်ကြားသင်ယူမှုများ၊ စီမံရေးရာကိစ္စရပ်များ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် စုပေါင်းအင်အားဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း၊ သင်ယူမှုဝန်းကျင်ကောင်းတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် မိမိတို့တက္ကသိုလ်အတွင်း သန့်ရှင်းသာယာရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဥပမိရုပ်ကောင်းမွန်ရေးတို့အတွက် ဆရာ ဆရာမများအားလုံး ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကြာမီ တက္ကသိုလ်များ ပြန်လည်ဖွင့်မည်ဖြစ်၍ မြစ်ကြီးနားတက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ ကျောင်းသားကျောင်းသူ အိပ်ဆောင်များနှင့်အားကစားရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၈၁၃၉၇ ဦးရှိ

**နေပြည်တော် ဧပြီ ၁**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အင်္ဂလိပ်စာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၈၁၃၉၇ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၂၀ နှင့် ပြည်တွင်း၌ စာစစ်ဌာန ၁၂၃၈ ခု စာစစ်ဌာနစုစုပေါင်း ၁၂၅၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေ စုစုပေါင်း ၃၁၂၄၂၄ ရှိပြီး စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၈၁၃၉၇ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၀၇ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

### အခြေခံပညာဦးစီးဌာန ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်/မြို့နယ်/စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-အင်္ဂလိပ်စာ ရက်စွဲ- ၁-၄-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန အရေအတွက် | စာရင်းသွင်းဦးရေ (စာရင်းရှိ) | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | | |
| ၁ | ကချင် | ၄ | ၁၆ | ၄၈ | ၇၉၆၆ | ၄၈၂၁ | ၁၂၇၈၇ | ၇၅၆၃ | ၃၉၁၁ | ၁၁၄၇၄ | ၄၀၃ | ၉၁၀ | ၁၃၁၃ | ၈၉.၇၃ % | |
| ၂ | ကယား | ၂ | ၄ | ၄ | ၄၂၇ | ၃၅၃ | ၇၈၀ | ၃၅၄ | ၂၂၁ | ၅၇၅ | ၇၃ | ၁၃၂ | ၂၀၅ | ၇၃.၇၂ % | |
| ၃ | ကရင် | ၂ | ၇ | ၂၈ | ၄၅၅၆ | ၁၃၉၂ | ၅၉၁၈ | ၄၁၉၉ | ၁၁၆၇ | ၅၃၆၆ | ၃၂၇ | ၂၂၅ | ၅၅၂ | ၉၀.၆၇ % | |
| ၄ | ချင်း | ၂ | ၅ | ၉ | ၁၁၁၆ | ၁၈၄၄ | ၂၉၆၀ | ၉၈၃ | ၁၂၇၂ | ၂၂၅၅ | ၁၃၃ | ၅၇၂ | ၇၀၅ | ၇၆.၁၈ % | |
| ၅ | စစ်ကိုင်း | ၈ | ၃၄ | ၇၂ | ၁၀၉၆၈ | ၅၈၆၀ | ၁၆၈၂၈ | ၉၆၅၂ | ၄၁၆၄ | ၁၃၈၁၆ | ၁၃၁၆ | ၁၆၉၆ | ၃၀၁၂ | ၈၂.၁၀ % | |
| ၆ | တနင်္သာရီ | ၃ | ၁၀ | ၂၈ | ၃၁၆၇ | ၁၅၉၈ | ၄၇၆၅ | ၃၀၂၂ | ၁၃၃၅ | ၄၃၅၇ | ၁၄၅ | ၂၆၃ | ၄၀၈ | ၉၁.၄၄ % | |
| ၇ | ပဲခူး(အရှေ့) | ၂ | ၁၄ | ၆၃ | ၁၂၆၅၆ | ၄၅၄၉ | ၁၇၂၀၅ | ၁၁၉၉၄ | ၃၅၉၅ | ၁၅၅၈၉ | ၆၆၂ | ၉၅၄ | ၁၆၁၆ | ၉၀.၆၁ % | |
| ၈ | ပဲခူး(အနောက်) | ၂ | ၁၄ | ၅၆ | ၈၈၆၇ | ၃၇၈၂ | ၁၂၆၄၉ | ၈၄၃၁ | ၃၀၇၈ | ၁၁၅၀၉ | ၄၃၆ | ၇၀၄ | ၁၁၄၀ | ၉၀.၉၉ % | |
| ၉ | မကွေး | ၅ | ၂၄ | ၈၁ | ၁၃၆၃၂ | ၈၅၂၀ | ၂၂၁၅၂ | ၁၂၆၅၆ | ၆၆၉၆ | ၁၉၃၅၂ | ၉၇၆ | ၁၈၂၄ | ၂၈၀၀ | ၈၇.၃၆ % | |
| ၁၀ | မန္တလေး | ၇ | ၂၈ | ၁၃၉ | ၂၃၆၃၀ | ၁၃၆၀၅ | ၃၇၂၃၅ | ၂၂၂၆၅ | ၁၁၂၂၀ | ၃၃၄၈၅ | ၁၃၆၅ | ၂၃၈၅ | ၃၇၅၀ | ၈၉.၉၃ % | |
| ၁၁ | မွန် | ၂ | ၁၀ | ၄၆ | ၉၂၂၁ | ၂၆၉၆ | ၁၁၉၁၇ | ၈၉၁၅ | ၂၂၉၂ | ၁၁၂၀၇ | ၃၀၆ | ၄၀၄ | ၇၁၀ | ၉၄.၀၄ % | |
| ၁၂ | ရခိုင် | ၅ | ၁၇ | ၁၂၈ | ၂၃၃၃၁ | ၂၂၂၆၉ | ၄၅၆၀၀ | ၂၂၆၇၆ | ၁၈၉၈၆ | ၄၁၆၆၂ | ၆၅၅ | ၃၂၈၃ | ၃၉၃၈ | ၉၁.၃၆ % | |
| ၁၃ | ရန်ကုန် | ၄ | ၄၄ | ၁၀၅ | ၂၂၂၉၄ | ၁၅၂၅၆ | ၃၇၅၅၀ | ၂၀၉၇၇ | ၁၂၃၉၈ | ၃၃၃၇၅ | ၁၃၁၇ | ၂၈၅၈ | ၄၁၇၅ | ၈၈.၈၈ % | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၂၀ | ၈၉ | ၁၁၇၅၀ | ၅၄၁၃ | ၁၇၁၆၃ | ၁၁၂၁၀ | ၄၄၆၂ | ၁၅၆၇၂ | ၅၄၀ | ၉၅၁ | ၁၄၉၁ | ၉၁.၃၁ % | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၆ | ၂၆ | ၄၂၉၆ | ၂၃၁၀ | ၆၆၀၆ | ၄၀၅၃ | ၁၈၅၇ | ၅၉၁၀ | ၂၄၃ | ၄၅၃ | ၆၉၆ | ၈၉.၄၆ % | |
| ၁၆ | ရှမ်း(အရှေ့) | ၃ | ၁၀ | ၁၇ | ၁၄၈၈ | ၁၂၂၇ | ၂၇၁၅ | ၁၄၃၃ | ၁၀၀၆ | ၂၄၃၉ | ၅၅ | ၂၂၁ | ၂၇၆ | ၈၉.၈၃ % | |
| ၁၇ | ဧရာဝတီ | ၆ | ၂၆ | ၂၄၇ | ၃၀၅၃၄ | ၉၇၉၃ | ၄၀၃၂၇ | ၂၉၁၈၉ | ၈၀၃၆ | ၃၇၂၂၅ | ၁၃၄၅ | ၁၇၅၇ | ၃၁၀၂ | ၉၂.၃၁ % | |
| ၁၈ | နေပြည်တော် | ၂ | ၈ | ၅၂ | ၁၀၉၇၅ | ၆၂၅၃ | ၁၇၂၂၈ | ၁၀၆၂၄ | ၅၄၇၁ | ၁၆၀၉၅ | ၃၅၁ | ၇၈၂ | ၁၁၃၃ | ၉၃.၄၂ % | |
| ၁၉ | နိုင်ငံခြား | ၀ | ၀ | ၂၀ | ၀ | ၃၉ | ၃၉ | | ၃၄ | ၃၄ | ၀ | ၅ | ၅ | ၈၇.၁၈ % | |
| | ပြည်ထောင်စုချုပ် | ၆၈ | ၃၀၇ | ၁၂၅၈ | ၂၀၀၈၄၄ | ၁၁၁၅၈၀ | ၃၁၂၄၂၄ | ၁၉၀၁၉၆ | ၉၁၂၀၁ | ၂၈၁၃၉၇ | ၁၀၆၄၈ | ၂၀၃၇၉ | ၃၁၀၂၇ | ၉၀.၀၇% | |

မှတ်ချက်။ စာမေးပွဲကျင်းပသည့် မြို့နယ်ဦးရေသာ ဖော်ပြထားပါသည်။

# နိုင်ငံတစ်ဝန်း တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ဆက်လက်ဖြေဆို

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာနိုင်ငံတစ်ဝန်းတွင် မတ် ၃၁ ရက်ကစ၍ စတင်ကျင်းပလျက်ရှိရာ ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ဆက်လက်ဖြေဆိုလျက်ရှိသည်။

## ကျောက်ဖြူ

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ စာစစ်ဌာန ၁၂ ခုတွင် (ဒုတိယနေ့) အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား ၁၃၃၁ ဦး ကျောင်းသူ ၂၀၉၀ စုစုပေါင်း ၃၄၂၁ ဦး အေးချမ်းစွာဖြင့် ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောက်ဖြူမြို့နယ်ရှိ စာစစ်ဌာန ၁၂ ခုတွင် ဖြေဆိုမည့်စာရင်းရှိ ကျောင်းသား ၁၄၇၀၊ ကျောင်းသူ ၂၂၄၀ စုစုပေါင်း ၃၇၁၀ ရှိပြီး ဖြေဆိုသည့် ကျောင်းသား ၁၃၃၁ ဦး၊ ကျောင်းသူ ၂၀၉၀ စုစုပေါင်း ၃၄၂၁ ဦးရှိကာ ပျက်ကွက် ၂၈၉ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ ၂၁ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**




## အင်းစိန်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၁၈၀ တို့က မြို့နယ်အတွင်းရှိသက်ဆိုင်ရာ စာစစ်ဌာနကျောင်းများတွင် အေးချမ်းစွာဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အင်းစိန်မြို့နယ်အတွင်းရှိ စာစစ်ဌာန ငါးခုတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူဦးရေ ၁၃၄၃ ဦးရှိပြီး ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၁၈၀ (ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၈၆ ရာခိုင်နှုန်း) ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

## ချောင်းဦး

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အထကစာစစ်ဌာနတွင် ယနေ့ နံနက် ၉နာရီက စတင်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုသည်။

ချောင်းဦးမြို့၌ ယခင်က ချောင်းဦးအထက စာစစ်ဌာနနှင့် အမြင့် အထက စာစစ်ဌာန နှစ်ခုရှိခဲ့ပြီး ယခု ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ချောင်းဦးအထက စာစစ်ဌာနတစ်ခုသာ ရှိကြောင်း၊ ချောင်းဦး အထကစာစစ်ဌာန၌ အင်္ဂလိပ်စာဘာသာ ဖြေဆိုသည့် ဒုတိယနေ့တွင် ကျောင်းတွင်းမှ ၅၁ ဦး၊ အပြင်ဖြေမှ ၃၅ ဦး လာရောက်ဖြေဆိုခဲ့ကြောင်း၊ ဖြေဆိုရာခိုင်နှုန်း ၆၃ ဒသမ ၂၄ ရာခိုင်နှုန်း၊ ပျက်ကွက်ရာခိုင်နှုန်း ၃၆ ဒသမ ၇၆ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ဝင်းမြင့်အောင်(ပြန်ဆက်)**

## ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၃၁ ရက်မှစတင်၍ ဖြေဆိုလျက်ရှိရာ ယနေ့ နံနက် ၉ နာရီတွင် အင်္ဂလိပ်စာဘာသာရပ်ကို စာစစ်ဌာန ၁၁ ခု၌ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

ဇလွန်မြို့နယ်တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို အ.ထ.က(၁) ဇလွန်၊ အ.ထ.က ကော့ကပ်ကြီး၊ အ.ထ.က ကျုံရှစာဖြူစု၊ အ.ထ.က ရေလဲ၊ အ.ထ.က ဂုံညင်းတန်း၊ အ.ထ.က ဒေါင့်ကြီး၊ အ.ထ.က ပျဉ်းမကုန်း၊ အ.ထ.က ရွှေကျောင်း၊ အ.ထ.က မေရီလန်း၊ အ.ထ.က မြစ်ဝ၊ အ.ထ.က သပြုကွင်းကျောင်း စာစစ်ဌာန ၁၁ ခုတွင် အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိပြီး ယနေ့အင်္ဂလိပ်စာ ဘာသာရပ်ကို ကျောင်းသား ၄၂၄ ဦး၊ ကျောင်းသူ ၅၈၈ ဦး စုစုပေါင်း ၁၀၁၂ ဦး ဝင်ရောက်ဖြေဆိုရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ ၉၃ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပညာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## မြင်းမူ

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ် ၃၁ ရက်မှ စတင်ဖြေဆိုလျက်ရှိရာ ဧပြီ ၁ ရက်တွင် မြင်းမူမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆိုကြသည်။

မြင်းမူမြို့နယ်အနေဖြင့် ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန်စာရင်းပေးသွင်းထားသူ၂၅၀ ရှိပြီး ဒုတိယနေ့တွင် ဝင်ရောက်ဖြေဆိုသူ ၁၀၄ ဦးရှိရာ ရာခိုင်နှုန်းဖြင့် ၄၁ ဒသမ ၆ ရာခိုင်နှုန်း ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး အတွက် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များက ကျောင်းအတွင်း/အပြင် လုံခြုံရေးများထားရှိကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို အ.ထ.က ဆိပ်ဖြူ စာဖြေဌာန၊ အ.ထ.က လက်ဆည် စာဖြေဌာန၊ အ.ထ.က ကဇွန်းမ စာဖြေဌာနများတွင်ကျင်းပရာ စာရင်းရှိ ၄၉၇ ဦးရှိရာ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၄၂၀ လာရောက် ဖြေဆိုခဲ့ကြပြီး ဖြေဆိုမှုရာခိုင်နှုန်း ၈၄ ဒသမ ၅၁ ရှိကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**




## တနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း စာစစ်ဌာန သုံးခု၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာ ဆက်လက်ဖြေဆိုကြရာ အထက-တနင်္သာရီစာစစ်ဌာန၊ အထက-ညောင်ပင်ကွင်း စာစစ်ဌာန၊ အထက-မော်တုန်းစာစစ်ဌာနတို့တွင် ဖြေဆိုရန် စာရင်းရှိ ၃၆၀ ရှိသည့်အနက် ယနေ့တွင် လာရောက်ဆိုသူ ၃၁၆ ဦး လာရောက်ဖြေဆိုကြရာ ဖြေဆိုမှုရာနှုန်းမှာ ၈၇ ဒသမ ၇၈ ရာခိုင်နှုန်းဖြစ်သည်။ ၎င်းတို့အနက် ဖြေဆိုရန်ပျက်ကွက်သူ ၄၄ ဦး ရှိသဖြင့် ပျက်ကွက်မှုရာနှုန်းမှာ ၁၂ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မချမ်းဘော့

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း သိရသည်။

မချမ်းဘော့စာစစ်ဌာနတွင် စာရင်းရှိ ၇၀ ရှိသည့်အနက် ဒုတိယရက် ဖြေဆိုသူ ၆၆ ဦး ဝင်ရောက်ဖြေဆိုပြီး လေးဦးပျက်ကွက်သဖြင့် ဖြေဆိုမှု ရာခိုင်နှုန်းမှာ ၉၄ ဒသမ ၂၉ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## တောင်ပြိုလက်ဝဲ

ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့ စာစစ်ဌာနတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၂၅ ဦးရှိရာ ယနေ့အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၁၉ ဦး၊ ပျက်ကွက်သူခြောက်ဦးရှိရာ ဖြေဆိုသူ ၉၅ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း တောင်ပြိုလက်ဝဲမြို့ စာစစ်ဌာနကြီးကြပ်ရေးမှူးထံမှ သိရသည်။

**တောင်ပြို(ပြန်/ဆက်)**

## စစ်ကိုင်း

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၃၁ ရက်မှစပြီး ဖြေဆိုလျက်ရှိရာ စစ်ကိုင်းမြို့နယ်တွင်လည်း ယနေ့ ဒုတိမြောက်နေ့အဖြစ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် စာစစ်ဌာနဌာန ငါးနေရာရှိပြီး တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုစာရင်းရှိ ၁၉၁၃ ဦးရှိရာ လာရောက်ဖြေဆိုသူ ၁၅၉၄ ဦး ရှိကြောင်း၊ ပျက်ကွက်ကျောင်းသား ကျောင်းသူ ၃၁၉ ဦးရှိပြီး ပျက်ကွက် ရာခိုင်နှုန်းအနေဖြင့် ၁၆ ဒသမ ၆၈ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးစာရင်းများအရ သိရသည်။

စာမေးပွဲဖြေဆိုရာနေရာများသို့ သက်ဆိုင်ရာဌာနများက ကျန်းမာရေး၊ လုံခြုံရေးများကို အနီးကပ်စောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း စာစစ်ဌာန ခုနစ်ခု၌ ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၅၁၅ ဦးက ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ စာစစ်ဌာန ခုနစ်ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် စာရင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇၄၅ ဦးရှိပြီး အထက-ထမ္မရာဇ်မြို့သစ် စာစစ်ဌာနတွင် ဝင်ရောက်ဖြေဆိုသူ ၆၈၃ ဦး၊ အထက-၂ စာစစ်ဌာနတွင် ၃၆၈ ဦး၊ အထက(ခွဲ) အလက (၁) စာစစ်ဌာနတွင် ၄၁၇ ဦး၊ အထက(ခွဲ)အလက(၃)စာစစ်ဌာန တွင် ၂၂၇ ဦး၊ အထက-မြောင်းဘွေ စာစစ်ဌာနတွင် ၃၀၃ ဦး၊ အထက-တိမ်ညိုစာစစ်ဌာနတွင် ၃၀၂ ဦး၊ အထက-ကျီရာပြင် စာစစ်ဌာနတွင် ၂၁၅ ဦး စုစုပေါင်းဝင်ရောက်ဖြေဆိုသူ ၂၅၁၅ ဦးရှိကြောင်း သိရသည်။

**မြင့်စိုး (ပြန်/ဆက်)**

## မိုးညှင်း

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ရှစ်ခု၌ ကျင်းပရာ အင်္ဂလိပ်စာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၉၈ ဦး၊ ပျက်ကွက် ၁၂၇ ဦးရှိပြီး ဖြေဆိုသည့်ရာခိုင်နှုန်းမှာ ၉၃ ဒသမ ၄၀ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ဇွဲသူရအောင်(ပြန်/ဆက်)**



# မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသတို့၌ Myanmar Automated Cargo Clearance System (MACCS) စနစ် မေ ၁ ရက်တွင် စတင်အသုံးပြုဆောင်ရွက်

**နေပြည်တော် မေ ၁**

မြန်မာ-တရုတ်နယ်စပ်ဒေသများဖြစ်သည့် မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသတို့၌ အကောက်ခွန်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Myanmar Automated Cargo Clearance System (MACCS) စနစ်ကို မေ ၁ ရက်တွင် စတင်အသုံးပြုဆောင်ရွက်သည်။

အဆိုပါ နယ်စပ်ဒေသများ၌ MACCS စနစ် စတင်အသုံးပြု ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ရုံးချုပ်မှ အရာရှိကြီးများ၊ မူဆယ်နှင့် ချင်းရွှေဟော်နယ်စပ်ဒေသ အကောက်ခွန်ဦးစီးဌာနမှ အရာရှိများ၊ စနစ်နှင့် ချိတ်ဆက်အသုံးပြုကြမည့် ကုန်သွယ်မှုဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသ ကုန်သည်ကြီးများအသင်းနှင့် မူဆယ်နယ်စပ်ဒေသ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ နယ်စပ်ဒေသများ၌ MACCS စနစ်ကို အသုံးပြုခြင်းအားဖြင့် သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များကို ယခင် Manual စနစ်ဖြင့် ဆောင်ရွက်ခဲ့ရာမှ Automation စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့လာမည်ဖြစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ MACCS စနစ်ကို အဆိုပါ နယ်စပ်ဒေသများ၌ အောင်မြင်စွာ အသုံးပြုဆောင်ရွက်နိုင်ခဲ့ပါက ကျန်ရှိနေသေးသည့် အခြားနယ်စပ်ဒေသများသို့ပါ ထပ်မံတိုးချဲ့အသုံးပြုနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

MACCS System စနစ်အသုံးပြုခြင်းနှင့် ပတ်သက်ပြီး မူဆယ် ၁၀၅ မိုင်မှ အကောက်ခွန် ညွှန်ကြားရေးမှူး ဦးဖေကြိုင်က "မူဆယ်နယ်စပ်ဒေသမှာ MACCS System ကို စတင်ကျင့်သုံးနိုင်ဖို့အတွက် ၂၀၁၉ -၂၀၂၀ ခုနှစ်တွေမှာ ကြိုးစားလုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ ဒီစနစ်က ဂျပန်နည်းပညာပိုင်း အကူအညီနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှာ စနစ်စတင်ကျင့်သုံးနိုင်အောင် လူတွေကို လက်တွေ့ပြန်ပြီးလေ့ကျင့်မှုတွေ လုပ်နိုင်ခဲ့ပါတယ်။ လားရှိုးမြို့မှာ သင်တန်းစင်တာထားပြီး Online ကနေ သင်တန်းရှစ်ကြိမ်ခွဲပြီး သင်ကြားပို့ချခဲ့ပါတယ်။ ဘရိုကာတွေ၊ အေးဂျင့်တွေအနေနဲ့ အချိန်တိုအတွင်းမှာ




ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အားသာချက်တွေ အများကြီးရှိပါတယ်။ အခွန်အကောက်ပေးဆောင်ရာမှာလည်း ငွေသားကိုင်ဆောင်ပြီး လုပ်ရမှာမဟုတ်တဲ့အတွက် လုံခြုံမှုကအစ အားလုံးအဆင်ပြေကြမှာပါ။ ကုန်စည်ကို ပုံမှန်အတိုင်း စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ စစ်ဆေးတဲ့အခါ ဝါ၊ စိမ်း၊ နီ ဆိုပြီး ချန်နယ်သုံးမျိုး ရှိပါတယ်။ အော်တိုမေးရှင်းစနစ်နဲ့ ဦးတည်လုပ်ရတဲ့ ရည်ရွယ်ချက်က စာရွက်စာတမ်းတွေ လျှော့ချခြင်း၊ ကုန်စည်ကူးသန်းမှုကို ယခင်ထက် ပိုမိုမြန်ဆန်ချောမွေ့စေခြင်း စတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

MACCS System အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အေးဂျင့်တစ်ဦးက "ဒီလိုလုပ်တာ ကောင်းပါတယ်။ ရုံးတွင်းပိုင်းလုပ်ငန်းနဲ့ ကုန်သွယ်မှု ပိုပြီးမြန်ဆန်တာပေါ့။ အေးဂျင့်တွေအနေနဲ့ အဝါကတ် ရှိထားတဲ့ သူတွေပဲ လုပ်ခွင့်ရှိမှာဖြစ်တဲ့အတွက် လူအနည်းစုလောက်ပဲ အဆင်ပြေမယ်ထင်ပါတယ်။ ကုန်သွယ်ရေးကတော့ မြဝတီဘက်မှာလည်း ဒီစနစ်လုပ်ထားပြီဆိုပါတယ်။ မူဆယ်မှာက အခုမှ စလုပ်ရတဲ့အတွက် ပထမပိုင်းမှာ အနည်းငယ်တော့ အခက်အခဲရှိကြမယ်ထင်ပါတယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ အားလုံးအဆင်ပြေသွားကြမယ် ထင်ပါတယ်" ဟု ပြောသည်။

**သတင်းစဉ်၊ သန့်ဇင်(မူဆယ်)**



၁-၄-၂၀၂၂ ရက်နေ့တွင်ကျရောက်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) သင်တန်းဆင်း (၃၄)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူငွေကျပ် ၂၁ သိန်း ၁ သောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံမှတာဝန်ရှိသူများက လက်ခံရယူစဉ်။

သတင်းစဉ်

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် မေ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂-၄-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိသည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၁၄) ၌ ညီမလေးအပေါ်တွင် အနိုင်ယူလို စိတ်မထားတော့ဘဲ ညီအစ်ကို သုံးယောက် ချစ်ချစ်ခင်ခင် နေတော့မည်ဆိုသော ယုယုတို့ ညီအစ်မသုံးယောက်အကြောင်း ရေးဖွဲ့ထားသည့် "ချစ်ချစ်ခင်ခင်" မျက်နှာဖုံး ကာတွန်း၊ လူမှုဘဝ တိုးတက်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၏အရေးပါပုံ အကြောင်း တင်ဆက်ထားသည့် "ပို့ဆောင်ဆက်သွယ်ရေး" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ ရွှေသေတ္တာကြီးကို ပိုင်ဆိုင်ခွင့်ရသွားသော ရိုးသားပွင့်လင်းသည့် သစ်ခုတ်သမားအကြောင်း ရေးဖွဲ့ထားသည့် "သစ်ခုတ်သမားနှင့် ရွှေအိုးကြီး" နှစ်မျက်နှာကာတွန်း၊ မျက်လှည့်ပညာ အချို့သည် ပရိသတ်၏မျက်စိကို လှည့်စားရုံသာမက အသိဉာဏ်ကိုပါလှည့်စားတတ်ပုံအကြောင်း တင်ဆက်ထားသည့် "မျက်လှည့်ပွဲ" ဝတ္ထုကဏ္ဍ၊ ကိုရီးယားစကားပြော သင်တန်းတက်နေသည်ဆိုသော တူးမာအကြောင်း ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာ ကာတွန်း၊ သားတော်ထွေး မောင်သုတသည် ခမည်းတော်ဘုရင်ကြီး၏ မေးခွန်း




ပုစ္ဆာများကို ဉာဏ်ပညာနှင့် ယှဉ်ကာ ပြည့်စုံစွာဖြင့် ဖြေဆိုနိုင်ပုံ အကြောင်း တင်ဆက်ထားသည့် "မောင်သုတရဲ့ အဖြေ" ပုံပြင်ကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **ဇော်ဝင်းထွန်း**

## စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိရာ မတ် ၂၈ မှ မေ ၃ ရက်အတွက် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို (၅၂၂၅ ကျပ်~၆၃၀၀ ကျပ်) ထုတ်ပြန်ထားရှိသည်။

ယခုအပတ်အတွင်း နိုင်ငံတကာတွင်ဖြစ်ပေါ်နေသည့် လက်ရှိအခြေအနေများအရ ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းများကျဆင်းလာပြီး တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ်အခြေခံ၍ တွက်ချက်မှုအရ ၂၀၂၂ ခုနှစ် မေ ၄ ရက်မှ မေ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ ယခင်အပတ်ထက် တစ်ပိဿာလျှင် ငွေကျပ် ၆၀ ခန့် လျော့နည်းခဲ့ပြီး စားအုန်းဆီ တစ်ပိဿာလျှင် (အနိမ့်ဆုံး ငွေကျပ် ၅၄၄၀ မှ အမြင့်ဆုံး ငွေကျပ် ၆၂၄၀) ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

သတင်းစဉ်

## တောင်ကိုရီးယားလေတပ်လေ့ကျင့်ရေး ဂျက်လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းနေစဉ် တိုက်မိရာ သုံးဦးသေဆုံးပြီး တစ်ဦးအပြင်းအထန်ဒဏ်ရာရရှိ

ဆိုးလ် မေ ၁

တောင်ကိုရီးယားလေတပ်၏ လေ့ကျင့်ရေးပြုလုပ်နေသည့် တိုက်ခိုက်ရေးဂျက်လေယာဉ်နှစ်စင်း ပေဟင်အတွင်း တိုက်မိကာ ကိုရီးယားအရှေ့တောင်ပိုင်းမြို့၌ ပျက်ကျမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့ပြီး တစ်ဦးအပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက မေ ၁ ရက်တွင် ဖော်ပြခဲ့သည်။

ကေတီ-၁ လေ့ကျင့်ရေးဂျက်လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းနေစဉ် တိုက်မိခဲ့ပြီး ဆိုးလ်မြို့ အရှေ့တောင်ပိုင်း ၄၄၀ ကီလိုမီတာအကွာ ဆာချွန်မြို့၌ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၆ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျမှုဖြစ်ပွားရာ နေရာအနီးရှိ နေအိမ်များ ထိခိုက်ပျက်စီးခြင်းနှင့် လူသေဆုံးသတင်း ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့များသည် တပ်ဖွဲ့ဝင် ၃၅ ဦးနှင့်အတူ မီးသတ်ယာဉ် ၁၄ စီးနှင့် အခင်းဖြစ်ပွားရာ နေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လေ့ကျင့်ရေးဂျက်လေယာဉ်များ ပျက်ကျသည့်အကြောင်းရင်းအတိအကျကို သက်ဆိုင်ရာ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆင်ဟွာ



လေ့ကျင့်ရေးဂျက်လေယာဉ်နှစ်စင်း တိုက်မိမှုမဖြစ်ခင် တွေ့ရစဉ်။



အေဇီယွန်စပေ့ အာကာသယာဉ်မှူးများကို တွေ့ရစဉ်။

## အမေရိကန်က အာကာသစခန်းသို့ ပထမဆုံး ပုဂ္ဂလိက အာကာသယာဉ်မှူးအဖွဲ့ စေလွှတ်မည်

ဝါရှင်တန် မေ ၁

နာဆာ၊ အေဇီယွန်စပေ့နှင့် စပေ့အိတ်တို့သည် မေ ၆ ရက်တွင် အေဇီယွန်မစ်ရှင် ၁ (အေအိတ်-၁) ကို လွှတ်တင်ရန် ရည်မှန်းထားသည်။ အေဇီယွန်မစ်ရှင် ၁ (အေအိတ်-၁) သည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) သို့ လွှတ်တင်မည့် ပထမဆုံး ပုဂ္ဂလိက အာကာသယာဉ်မှူးအဖွဲ့ လိုက်ပါမည့် ခရီးစဉ်ဖြစ်သည်။

အေဇီယွန်စပေ့ အာကာသယာဉ်မှူးများဖြစ်သည့် မိုက်ကယ်လိုပက်ဇ်-အယ်လီဂရီယာ၊ လာရီကော်နာ၊ မာ့ခ်ပါသီနှင့် အိုင်တန်စတစ်ဘီတို့သည် အေအိတ်-၁ မစ်ရှင်အတွက် အဓိကအဖွဲ့ဝင်များဖြစ်ကြသည်။

ယခင် နာဆာ အာကာသယာဉ်မှူး လိုပက်ဇ် အလီဂရီယာသည် အာကာသခရီးစဉ် အုပ်ချုပ်သူ အရာရှိအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှ ကော်နာသည် အာကာသယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ကနေဒါမှ ပါသီနှင့် အစ္စရေးမှ စတစ်ဘီတို့သည် အာကာသခရီးစဉ် အထူးကျွမ်းကျင်သူများအဖြစ် လိုက်ပါ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း နာဆာထုတ်ပြန်ချက်အရ သိရသည်။

၁၀ ရက်ကြာ အာကာသခရီးစဉ်အတွင်း အမှုထမ်းများသည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)တွင် ရှစ်ရက်ကြာ နေထိုင်သွားမည်ဖြစ်ပြီး သိပ္ပံနည်းကျသုတေသနများနှင့် တခြားဆောင်ရွက်ချက်များကို ပြုလုပ်သွားမည်ဖြစ်သည်။ ဆင်ဟွာ

## ယူကရိန်းနှင့် ရုရှား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်မည်

မော်စကို/ကိယက်ဗ် မေ ၁

ယူကရိန်းနှင့် ရုရှားတို့သည် သောကြာနေ့တွင် အွန်လိုင်းပုံစံဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ယူကရိန်း ကိုယ်စားလှယ်အဖွဲ့အဖွဲ့ဝင် ဒေးဗစ်အာရာ ခါမီယာ၏ ပြောကြားချက်ကို ကိုးကားပြီး ယူကရင်ဖောင်း သတင်းအေဂျင်စီက မတ် ၃၁ ရက်က ဖော်ပြခဲ့သည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် ယူကရိန်းနှင့် ရုရှားကိုယ်စားလှယ်အဖွဲ့များသည် ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံရန်အတွက် လိုအပ်သော သဘောတူညီချက်ရရှိရေး အပြင်းအထန် ကြိုးစားကြမည်ဖြစ်ကြောင်း အာရာခါမီယာက တယ်လီဂရမ်တွင် ဖော်ပြခဲ့သည်။

နှစ်နိုင်ငံ သမ္မတများ နောက်ပိုင်း တွေ့ဆုံနိုင်ရန် မိမိတို့ မျှော်လင့်ကြောင်း အာရာခါမီယာက ပြောကြားလိုက်သည်။ ယူကရိန်းဘက်က အဆိုပါအစည်းအဝေးကို ရုရှား သို့မဟုတ် ဘယ်လာရုစ်မှလွဲပြီး တခြားမည်သည့် နေရာတွင်မဆို လုပ်ဆောင်ရန် အလေးအနက် ပြောကြားခဲ့သည်။

ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စ်ကော့ဗ်က မတ် ၃၁ ရက်တွင် အကယ်၍ အစည်းအဝေး စတင်ခဲ့မည်ဆိုပါက မိမိတို့ အသိပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်ဟု တက်စ် သတင်းအေဂျင်စီက ဖော်ပြထားသည်။

ပူတင်နှင့် ဇီလန်စကီကြား အစည်းအဝေးကျင်းပမည့် အချိန် အတိအကျကို မသိရသေးကြောင်း ပက်စ်ကော့ဗ်က ပြောကြားလိုက်သည်။ ဆင်ဟွာ

## သီရိလင်္ကာ၌ မတ်လတွင် စားသောက်ကုန်စျေးနှုန်း ၃၀ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာ

ကိုလံဘို မေ ၁

သီရိလင်္ကာနိုင်ငံ ကိုလံဘို စားသုံးသူစျေးနှုန်း အညွှန်းကိန်း၏ မတ်လအတွက် ထုတ်ပြန်ချက်အရ စားသောက်ကုန်စျေးနှုန်း ၃၀ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရသည်။ ကိုလံဘိုစားသုံးသူစျေးနှုန်းအညွှန်းကိန်းအရ ဖေဖော်ဝါရီလတွင် ၂၅ ဒသမ ၇ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အညွှန်းကိန်းတွင် လွန်ခဲ့သော ဖေဖော်ဝါရီလ အညွှန်းကိန်းထက် မတ်လတွင် ၁၈ ဒသမ ၈ ရာခိုင် နှုန်းမြင့်တက်ခဲ့ကြောင်း နှိုင်းယှဉ် ဖော်ပြထားသည်။

ဆင်ဟွာ

## ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားသူများအတွက် မလေးရှားနှင့် စင်ကာပူနှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်လမ်းကို ပြန်လည်ဖွင့်လှစ်ပေး

စင်ကာပူ မေ ၁

**မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားသူများအတွက် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်လမ်းကို အပြည့်အဝ ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ရာ ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ စစ်ဆေးခြင်း သို့မဟုတ် သီးသန့်ကန့်သတ်စောင့်ကြည့်ခြင်းများ မလိုတော့ကြောင်း သိရသည်။**

တစ်ကီလိုမီတာ ရှည်သည့် ဂျိုဟော-စင်ကာပူ နယ်စပ်ဖြတ်ကျော်လမ်းသည် ကမ္ဘာပေါ်တွင် အစည်ကားဆုံး နယ်စပ်ဖြတ်ကျော်လမ်း တစ်လမ်းဖြစ်သည်။ အဆိုပါလမ်းကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် ပိတ်ခဲ့ပြီး ယခုနှစ် မေ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်း၌ ခရီးသွားများသည် ကားသို့မဟုတ် ခြေကျင် ဖြတ်ကျော်သွားလာနေကြသည်။ နိုင်ငံဘာလကတည်းက ခရီးသွားများသည် အထူးသတ်မှတ်ထားသည့် ဘတ်စ်ကားများဖြင့်သာ ဖြတ်ကျော်သွားလာနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် လမ်းမပိတ်ခင် တစ်နေ့လျှင် ခရီးသွား ၃၅၀၀၀၀ ကျော် အဆိုပါနယ်စပ်ဖြတ်ကျော်လမ်းကို အသုံးပြုခဲ့ကြသည်။

အဆိုပါ နယ်စပ်ဖြတ်ကျော်လမ်းကို ပြန်ဖွင့်လိုက်ခြင်းသည် ကိုဗစ်-၁၉ နှင့်အသားတကျနေထိုင်ခြင်းကို ဖော်ပြသော သိသာသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။

အင်န်အိတ်ချ်ကေ



စည်ကားနေသော နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်လမ်းကို တွေ့ရစဉ်။



ကိုဗစ်-၁၉ စစ်ဆေးရန် ဗီယက်နမ်နိုင်ငံ၌ အမျိုးသမီးတစ်ဦးအား အာခေါင်တို့ဖတ် နမူနာယူနေသည်ကို တွေ့ရစဉ်။

## ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းသည် ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ် စိုးရိမ်ရသည့်မြို့အဖြစ် ဆက်လက်တည်ရှိ

**ဟနွိုင်း ဧပြီ ၁**

ဗီယက်နမ်နိုင်ငံ၌ သောကြာနေ့က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၇၂၅၅၆ ဦး စစ်ဆေးတွေ့ရှိရာ ကြာသပတေးနေ့က တွေ့ရှိမှုထက် ၈၂၈၂ ဦး လျော့နည်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ထပ်မံကူးစက်သူများတွင် ပြည်တွင်းကူးစက်မှု ၇၂၅၅၅ ဦးနှင့် ပြည်ပမှကူးစက်သူတစ်ဦးပါဝင်သည်။ နိုင်ငံတစ်ဝန်း မတူညီသည့်နေရာဒေသ ၆၂ ခု၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်းသည် ၇၇၃၄ ဦး ထပ်မံကူးစက်ခံခဲ့ရသည့်အတွက် ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်စိုးရိမ်ရသည့်မြို့တော်အဖြစ် ဆက်လက်ရှိနေဆဲ ဖြစ်သည်။

အဆိုပါ ထပ်မံကူးစက်ခံရမှုများကြောင့် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၉၆၅၀၆၆၃ ဦး နှင့် သေဆုံးသူ ၄၂၅၂၆ ဦး ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူများထဲမှ ၇၆၀၆၄၇၆ ဦး ပြန်လည်သက်သာလာပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၌ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ ၁၈၉ ဒသမ ၂ သန်းအပါအဝင် လူဦးရေစုစုပေါင်း ၂၀၆ ဒသမ ၃ သန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးဖြစ်သည်။

**ဆင်ဟွာ**

## တောင်ကိုရီးယား၌ လေးရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၀၀၀၀၀ အောက်ကျဆင်း

**ဆိုးလ် ဧပြီ ၁**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ကြည့်လျှင် မတ် ၃၁ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၂၈၀၂၇၃ ဦး တိုးလာသောကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၃၃၇၅၈၁၈ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဧပြီ ၁ ရက်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်းမှာ ယခင်ရက်ကထက် ၃၂၀၇၄၃ ဦး လျော့နည်းခဲ့ရာမှ လေးရက်အတွင်း ကူးစက်ခံရသူ သုံးသိန်းအောက် လျော့ကျလာကြောင်း ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကုသရေးဗဟိုဌာန (KDCA)၏ ထုတ်ပြန်ချက်အရ သိရသည်။ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မကြာသေးမီအချိန်က ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူသစ် ၅၁၇၁၇ ဦးမှာ ဆိုးလ်မြို့တွင် နေထိုင်သူများဖြစ်ကြသည်။ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ အသစ်များမှာ ဂျုံဂီပြည်နယ်မှ ၇၅၆၂၆ ဦးနှင့် ကိုရီးယားနိုင်ငံ အနောက်ပိုင်း အင်ချွန်းဆိပ်ကမ်းမြို့တို့မှ ၁၄၇၉၇ ဦးတို့ အသီးသီးကူးစက်ခံရခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၌ မြို့ပြမဟုတ်သော ဒေသများတွင်လည်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့လျက်ရှိပြီး ကူးစက်ခံရသူအရေအတွက်မှာ ၁၃၈၀၈၅ ဦး သို့မဟုတ် ၄၉ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံရပ်ခြားမှပြန်လာပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈ ဦးရှိပြီး စုစုပေါင်း ပြည်ပပြန်ကူးစက်ခံရသူ ၃၁၁၀၆ ဦးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ပြင်းထန်သော အခြေအနေတွင် ကူးစက်ခံရသူ ၁၂၉၉ ဦးရှိရာ ယမန်နေ့ကထက် ၁၆ ဦး လျော့ကျလာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၃၆၀ ရှိရာ စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၁၆၅၉၀ ရှိလာပြီဖြစ်သည်။ အဆိုပါသေဆုံးမှုနှုန်းမှာ နိုင်ငံလူဦးရေ၏ ၀ ဒသမ ၁၂ ရာခိုင်နှုန်းရှိသည်။ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ရာခိုင်နှုန်းအားဖြင့် နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၇ ရာခိုင်နှုန်းရှိပြီဖြစ်သည်။ အပိုဆောင်းကာကွယ်ဆေး ထိုးနှံပြီးသူအရေအတွက်မှာလည်းနိုင်ငံလူဦးရေ၏ ၆၃ ဒသမ ၈ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကိုဗစ်-၁၉ စစ်ဆေးရန် လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအသစ် ၂၈၃၇၉ ဦးထပ်မံတွေ့ရှိ

**ဘန်ကောက် ဧပြီ ၁**

ထိုင်းနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၈၃၇၉ ဦး ထပ်မံတွေ့ရှိသဖြင့် ယခုအချိန်အထိ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်းမှာ ၃ ဒသမ ၆၅ သန်းကျော် ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်းမှာ သုံးရက်ဆက်တိုက်တိုးလာခဲ့ပြီး မတ် ၃၁ ရက်က ရောဂါကူးစက်ခံရသူ ၂၇၅၆၀ ရှိပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၅၀ ရှိကြောင်း ကိုဗစ်-၁၉ ရောဂါ စီမံခန့်ခွဲရေးဌာန(CCSA)၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံသည် ခရီးသွားကဏ္ဍ ပြန်လည်ရှင်သန်ရန်အတွက် နိုင်ငံအတွင်းဝင်ရောက်ရန် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။ ဧပြီ ၁ ရက်မှစတင်ကာ နိုင်ငံတကာခရီးသွားများ ထိုင်းနိုင်ငံသို့ဝင်ရောက်လျှင် ၇၂နာရီအတွင်းစစ်ဆေးထားသည့် ကိုဗစ်-၁၉ ရောဂါ ကင်းစင်ကြောင်း စစ်ဆေးမှုရလဒ်ကို ပြသရန်မလိုတော့ကြောင်း၊ သို့သော် ထိုင်းနိုင်ငံသို့ရောက်ရောက်ခြင်း RT-PCT စစ်ဆေးမှုခံယူရန် လိုအပ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူမှာ ၉၂ ဦးရှိပြီး ယင်းပမာဏသည် ငါးလကျော်ကာလအတွင်း အမြင့်ဆုံး သေဆုံးမှု ပမာဏဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၂၅၂၂၂ ဦး ရှိပြီးဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါစီမံခန့်ခွဲရေးဌာန (CCSA) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခု ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံများနှင့် အခြားသောနေရာများတွင် ဆေးကုသမှုခံယူနေရသူ ၂၅၁၂၁၄ ဦးရှိပြီး ၁၈၂၈ ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း CCSA ၏ ထုတ်ပြန်ချက်အရ သိရသည်။ မတ် ၃၁ ရက်အထိ ၇၂ ဒသမ ၃ ရာခိုင်နှုန်း (နိုင်ငံလူဦးရေအနက် သန်း ၇၀) နီးပါးမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးဖြစ်ပြီး ၃၄ ဒသမ ၁ ရာခိုင်နှုန်းမှာ အပိုဆောင်း ကာကွယ်ဆေး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ထိုင်းနိုင်ငံ၌ ကလေးငယ်တစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေသည်ကို တွေ့ရစဉ်။

## မော်လ်တာကျန်းမာရေးဝန်ကြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား

**ဗယ်လက်တာ ဧပြီ ၁**

မော်လ်တာ ကျန်းမာရေးဝန်ကြီး ခရစ်ဖာနီသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့ကြောင်း မတ် ၃၁ ရက်က ပြောကြားလိုက်သည်။

အထွေထွေ ရွေးကောက်ပွဲရလဒ်အပေါ် အောင်ပွဲခံခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ကိုဗစ်-၁၉ အပျော့စားလက္ခဏာများ ခံစားရပြီးနောက် ကိုဗစ်-၁၉ စစ်ဆေးခဲ့ကြောင်း ဖာနီက လူမှုမီဒီယာပေါ်တွင် ရေးသားခဲ့သည်။

ဒုတိယ ဝန်ကြီးချုပ်က ကျန်းမာရေးဝန်ကြီး ခရစ်ဖာနီသည် သီးခြားကန့်သတ်နေထိုင်သွားမည်ဖြစ်ပြီး အလုပ်များကို အဝေးမှ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။

မော်လ်တာတွင် ကိုဗစ်-၁၉ လှိုင်းဂယက် ထပ်မံရိုက်ခတ်လာမည့် အခြေအနေကို တွေ့မြင်နေရစဉ် မတ် ၃၁ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၇၆၀ ရှိခဲ့ပြီး သုံးလနီးပါးအတွင်း အမြင့်ဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဖြစ်သည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၃၃၅ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဧပြီ ၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၃၃၅ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၃၀၂၅၇၇၅ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

မတ် ၃၁ ရက် နံနက်ပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂ ဦး ရှိလာပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၂၁၁၈၁ ဦးရှိလာပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရသူ ၆၃၅ ဦး ကျဆင်းမှုနှင့်အတူ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါခံစားနေရသူ ၁၃၆၇၂ ဦးရှိနေကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ခံစားနေရသူ ပမာဏကျဆင်းလာသည်မှာ ၆၆ ရက်ဆက်တိုက် ရှိလာပြီဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံမှဆင်းခွင့်ရရှိသူ ၁၉၁၈ ဦးရှိလာပြီဖြစ်ရာ ဆေးရုံမှဆင်းခွင့်ရရှိသူ စုစုပေါင်း ၄၂၄၉၀၉၂၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ဧပြီ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၇ ဦး တွေ့ရှိ

### သေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၃၁ ဦးရှိ

(၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၅၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၆၆၉,၁၀၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၁,၆၇၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၃၂၀ ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၈၉,၆၃၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၅၇) ခု | (၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၆) ခု | (၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၃) ခု | (၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၁၈၂) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၀၂) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၆၈၄) ခု | (၃၉) ဦး |
| စုစုပေါင်း | (၁၂,၅၆၃) ခု | (၈၇) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည်ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများစသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁ -၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၇၈၀၅၀၃ | ၆၅၂၃၆၈၄၀ | ၁၀၀၇၃၂၀ |
| ၂။ | အိန္ဒိယ | ၄၃၀၂၅၇၇၅ | ၄၂၄၉၀၉၂၂ | ၅၂၁၂၁၁ |
| ၃။ | ဘရာဇီး | ၂၉၉၄၇၈၉၅ | ၂၈၇၁၈၅၈၀ | ၆၅၉၈၆၀ |
| ၄။ | ပြင်သစ် | ၂၅၆၁၄၈၄၃ | ၂၃၂၃၉၀၀၆ | ၁၄၂၂၇၃ |
| ၅။ | ဂျာမနီ | ၂၁၄၂၁၉၁၄ | ၁၆၇၅၄၀၀၀ | ၁၃၀၂၉၀ |
| ၆။ | ဗြိတိန် | ၂၁၁၄၇၄၂၅ | ၁၉၀၃၇၁၁၄ | ၁၆၅၃၇၉ |
| ၇။ | ရုရှား | ၁၇၈၆၂၀၈၉ | ၁၆၈၈၄၇၈၅ | ၃၆၉၀၆၄ |
| ၈။ | တူရကီ | ၁၄၈၆၀၅၆၀ | ၁၄၅၃၁၉၃၀ | ၉၈၀၃၃ |
| ၉။ | အီတလီ | ၁၄၆၄၂၃၅၄ | ၁၃၂၀၅၉၂၇ | ၁၅၉၃၈၃ |
| ၁၀။ | တောင်ကိုရီးယား | ၁၃၃၇၅၈၁၈ | စိစစ်ဆဲ | ၁၆၅၉၀ |

### ၁-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၉၅၆၄၆၀၉ | ၇၅၁၉၀၁၃ | ၄၂၄၉၃ |
| အင်ဒိုနီးရှား | ၆၀၁၅၇၄၈ | ၅၇၅၉၈၃၈ | ၁၅၅၁၆၄ |
| မလေးရှား | ၄၂၀၁၉၁၉ | ၃၉၆၀၀၈၂ | ၃၄၉၈၃ |
| ဖိလစ်ပိုင် | ၃၆၇၈၅၉၈ | ၃၅၈၀၉၈၀ | ၅၉၂၉၈ |
| ထိုင်း | ၃၆၅၆၇၂၆ | ၃၃၈၀၂၉၀ | ၂၅၂၂၅ |
| စင်ကာပူ | ၁၀၉၆၄၂၈ | ၁၀၂၅၅၇၈ | ၁၂၆၈ |
| မြန်မာ | ၆၁၁၆၇၄ | ၅၈၉၆၃၂ | ၁၉၄၃၁ |
| လာအို | ၁၇၉၅၆၃ | ၁၅၁၁၆၃ | ၆၆၉ |
| ကမ္ဘောဒီးယား | ၁၃၅၆၈၂ | ၁၃၁၈၀၈ | ၃၀၅၄ |
| ဘရူနိုင်း | ၁၃၄၉၁၅ | ၁၃၀၂၅၀ | ၂၁၀ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# မက်မန်းမြို့သို့ နှစ်ခေါက်လေ

မြင့်စိုး(နတလ)

**ရင်ထဲက မော်ဖဒေသ**

ကျွန်တော့်ဘဝမှာ နေရာဒေသတစ်ခုကို နှစ်ကြိမ်နှစ်ခါ ပြန်လည်၍ ရောက်တာမျိုး ကြုံရတတ်ပါသည်။ နတလ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ၂၃ နှစ်တာ ကာလအတွင်းမှာလည်း နှစ်ကြိမ်နှစ်ခေါက် ပြန်လည်ရောက်ခဲ့သည့် မြို့ရွာဒေသများ ရှိခဲ့ပါသည်။ အချို့နေရာများကတော့ဖြင့် နှစ်ကြိမ်နှစ်ခါမက မကြာခဏ ရောက်ခွင့်ကြုံခဲ့သည်။ ထိုကဲ့သို့ ရောက်ခွင့်ကြုံသော မြို့ရွာဒေသများမှအပြန် နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုင်ရာ၊ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်းပါးများ ရေးတော့မည်ဆိုလျှင် ငယ်စဉ်က ကြည့်ရှုခဲ့ရသည့် ရုပ်ရှင်ဇာတ်ကားကြီးတစ်ကား၏ အမည်က ခေါင်းထဲမှာ အလိုလို ပေါ်လာပါတော့သည်။ ဒါရိုက်တာကြီး အဘဦးတင်ယု ရိုက်ကူးခဲ့သော "မေတ္တာဘုံသို့ နှစ်ခေါက်လေ" ဇာတ်ကား၊ ရုပ်ရှင်မင်းသားက ဦးဇော်ဝမ်း၊ မင်းသမီးက အကယ်ဒမီ ဒေါ်တင်တင်ညို ထင်ပါသည်။

ယင်းဇာတ်ကားအမည်ကို သဘောကျသဖြင့် ရှမ်းပြည်နယ် တောင်ပိုင်း ဟိုမိန်းဒေသမှအပြန်တွင် ဟိုမိန်းမြို့သို့ နှစ်ခေါက်လေ ဟူ၍ လည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့အသွား ခန္တီးနှင့် လဟယ်အကြားမှ အမြင့် ၄၉၉၇ ပေရှိ ထိန်ညိုတောင်အား ဖြတ်ကျော်ခဲ့ရသည်ကို အကြောင်းပြု၍ ထိန်ညိုတောင်သို့ နှစ်ခေါက်လေဟူ၍ လည်းကောင်း အမည်ပေးကာ ဆောင်းပါးများ ရေးခဲ့ဖူးပါသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ ရေချမ်းပြင်ကူးတို့ဆိပ်မှတစ်ဆင့် ပင်လယ်ဝကို ဖြတ်ပြီး အငူမော်ဆိပ်ကမ်းသို့ စက်လှေဖြင့်ကူးကာ ထိုမှ မော်တော်ယာဉ်ဖြင့် အငူမော် - မောင်တောလမ်းအတိုင်း မောင်းသွားလျှင် ၂၄ မိုင် သာသာလောက်မှာ ကျောက်ပန္နူ ဟု အမည်ရသည့် ကျေးရွာလေးကို ရောက်ပါသည်။ ပင်လယ်ကမ်းစပ်အနီးမှာ ဆေးတံခေါင်းကြီးသဖွယ် ကျောက်တုံးကြီး တည်ရှိနေသောကြောင့် ကျောက်ပန္နူ ဟုခေါ်ခြင်း ဖြစ်ကြောင်း သိရ၏။ ထိုရွာလေးမှာ ဒေသခံ ရခိုင်၊ မြို၊ ခမီ တိုင်းရင်းသားများအတွက် နေအိမ်များ ဆောက်ပေးခဲ့ရသည်။ ယင်းဒေသမှအပြန် ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးလိုက်သောအခါ ပေးလိုက်မိသည့် ခေါင်းစဉ်က ကျောက်ပန္နူ သို့ နှစ်ခေါက်လေ ဟူ၍... ။

ယခုလည်း ကျွန်တော် တင်ပြမည့် မက်မန်းမြို့လေးနှင့် ပတ်သက်၍ သည်ခေါင်းစဉ်ကိုပဲ ရွေးမိသည်။ ဝန်ထမ်းဘဝ အငြိမ်းစားယူခါနီး ၂၀၁၈ ခုနှစ်ထဲမှာ မက်မန်းကို ပထမအကြိမ် ရောက်ဖြစ်ခဲ့သည်။ လေးနှစ်ခန့်အကြာ ပြန်လည်ရောက်ခဲ့သည့် ယခု ခရီးစဉ်ကမူ ကျွန်တော့်ရင်ထဲက ပြင်းပြသောဆန္ဒတစ်ခုကို အကြောင်းပြု၍ ရောက်ခဲ့သည်ဟု ပြောရမည်သာ။ စင်စစ်သော်ကား ထိုဒေသတွင်တာဝန်ထမ်းဆောင်ဖူးသော ဝန်ထမ်းများ၊ တပ်မတော်သားများအနေဖြင့် မက်မန်းမြို့လေးကို လည်းကောင်း၊ မော်ဖဒေသကို လည်းကောင်း လွမ်းမောတသ အမှတ်ရနေကြပါလိမ့်မည်။ ကျွန်တော်သည်ပင်လျှင် တပ်မတော်သားဘဝဖြင့် မော်ဖဒေသသို့ မရောက်ခဲ့သော်ငြားလည်း ၁၉၉၅ ခုနှစ် နတလဝန်ထမ်းဘဝ စသည်နှင့် မော်ဖဒေသက ရင်ထဲသို့ တိုးဝှေ့ဝင်ရောက်လာပါတော့သည်။ မော်ဖဒေသသည် နှစ်ပေါင်း ၂၀ နီးပါးမျှ ဗကပတို့၏ ဝင်ရောက်ကြီးစိုးခြယ်လှယ်မှုကို ခံခဲ့ကြရသည်။ အစိုးရအုပ်ချုပ်မှုယန္တရား လက်လှမ်းမမီသော အရပ်ဒေသများဖြစ်၍ ဆင်းရဲနွမ်းပါးမှုနှင့်အတူ အစစအရာရာ နိမ့်ကျခဲ့ရသည်။ တပ်မတော်က မင်းရန်အောင် စစ်ဆင်ရေးဖြင့် ဆင်နွှဲခဲ့သော ပွိုင့် ၅၇၁၀၊ ပွိုင့် ၆၀၂၈၊ လွယ်ဟိုလာ တိုက်ပွဲကြီးများအကြောင်းကို ပြန်လည်ကြားသိရသည်။ ၁၉၈၉ ခုနှစ်တွင် ကိုးကန့်၊ 'ဝ'၊ မိုင်းလားအထူးဒေသ - ၄ အဖွဲ့များ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသောအခါ မော်ဖဒေသသည်လည်း ငြိမ်းချမ်းခြင်းနှင့်အတူ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသီးအပွင့်များကို ခံစားခွင့်ရရှိ

> **"မော်ဖဒေသသည် နှစ်ပေါင်း ၂၀ နီးပါးမျှ ဗကပတို့၏ ဝင်ရောက်ကြီးစိုးခြယ်လှယ်မှုကို ခံခဲ့ကြရသည်။ အစိုးရအုပ်ချုပ်မှုယန္တရား လက်လှမ်းမမီသော အရပ်ဒေသများဖြစ်၍ ဆင်းရဲနွမ်းပါးမှုနှင့်အတူ အစစအရာရာ နိမ့်ကျခဲ့ရသည်။ တပ်မတော်က မင်းရန်အောင် စစ်ဆင်ရေးဖြင့် ဆင်နွှဲခဲ့သော ပွိုင့် ၅၇၁၀၊ ပွိုင့် ၆၀၂၈၊ လွယ်ဟိုလာတိုက်ပွဲကြီးများအကြောင်းကို ပြန်လည်ကြားသိရသည်။ ၁၉၈၉ ခုနှစ်တွင် ကိုးကန့်၊ 'ဝ'၊ မိုင်းလားအထူးဒေသ - ၄ အဖွဲ့များ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသောအခါ မော်ဖဒေသသည်လည်း ငြိမ်းချမ်းခြင်းနှင့်အတူ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသီးအပွင့်များကို ခံစားခွင့်ရရှိသော ဒေသဖြစ်ခဲ့သည် "**

သောဒေသဖြစ်ခဲ့သည်။

**မော်ဖဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အစ**

၁၉၈၉ ခုနှစ်တွင် မော်ဖဒေသ၌ ကျေးရွာအုပ်စု ၁၁ စု ကျေးရွာပေါင်း ၆၉ ရွာသာ ရှိသေးသည်။ မက်မန်း၊ ကောင်းလန်း၊ အေးကျန့်၊ ငှက်ယောင်း၊ ဝိန်းနောင်၊ ဆွတ်ပိုး၊ မော်ဝမ်နှင့် တာကော်လေးတို့တွင် အ-မ-က ကျောင်းများ စတင်ဖွင့်လှစ်ပေးပြီး ဆက်လက်၍ မုလု၊ မန်ဝိန်း၊ အိုင်ကလောင်၊ ပန်ခူး၊ နမ့်တော်၊ ရောင်အူ၊ ပန်နင်း၊ ဝမ်းစလောင်း၊ မငေါက်၊ ပန်ပွဲ၊ ကွန်ဟောင်းကြီး၊ တွယ်နောက်နှင့် ငဟောင်တို့တွင် အ-မ-က ကျောင်းများ ဆက်တိုက်ဖွင့်လှစ်ပေးခဲ့သည်။ ကျန်းမာရေးကဏ္ဍ၌ ၁၉၈၉ ခုနှစ်တွင် မက်မန်းဆေးရုံ၊ ဆွတ်ပိုးဆေးရုံ၊ ဝိန်းနောင်ဆေးပေးခန်းများ စတင်ဖွင့်လှစ်ပေးပြီး ဝမ်းစလောင်း၊ ရောင်အူ၊ ငှက်ယောင်း၊ ကောင်းလန်း၊ မုလု၊ တာကော်လေး၊ မန်ဝိန်းတို့၌ ဆေးပေးခန်းများ ဆက်လက်ဖွင့်ပေးခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ မော်ဖဒေသနေ တိုင်းရင်းသား သွေးချင်းများအတွက် တပ်မတော် သက်သာအရောင်းဆိုင် ၁၇ ဆိုင် ဖွင့်လှစ်ပေးကာ ဆန်၊ ဆီ၊ ဆားများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးပြီး ငါးခြောက် ပိဿာ ၁၀၀၀၊ ဆားပိဿာ ၅၀၀၀၊ သကြားနှင့် ဘီစကွတ်မုန့်များ ထောက်ပံ့လှူဒါန်းခဲ့သည်။ နတလ လုပ်ငန်းကော်မတီ အစီအစဉ်ဖြင့် အိမ်မိုးသွပ်များ၊ ပြောင်သွပ်များ၊ ဘိလပ်မြေနှင့် သံမျိုးစုံ၊ ၄ ကေဗွီအေမီးစက်များ ပေးပို့လှူဒါန်းခဲ့သည်။ ပညာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ကလည်း မော်ဖဒေသအတွက် လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ ပေးပို့လှူဒါန်းခဲ့ပါသည်။ နတလမှပေးပို့သော မီးစက်များဖြင့် ၁၉၉၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့မှစ၍ မက်မန်း၊ ဝိန်းနောင်၊ ဆွတ်ပိုးတို့တွင် မီးလင်းစေခဲ့ပြီး ဆက်လက်၍ နမ့်နန်း၊ ဝမ်းစလောင်း၊ တာကော်လေးနှင့် ရောင်အူရွာများသို့ မီးစက်များပေးပို့ မီးလင်းစေခဲ့ပါသည်။

လမ်းပန်း ဆက်သွယ်ရေးတွင် တာကော်လေး - မက်မန်းလမ်း၊ လွယ်ပါ-လွယ်ဟိုလာလမ်း၊ ပွိုင့် ၆၀၂၈ - ရောင်အူ - ပန်ဆန်းလမ်းများ စတင်ဖောက်လုပ်ခဲ့ပြီး ဝမ်တာခက်တံတားကို ၁၉၉၀-၁၉၉၁ ဘဏ္ဍာနှစ်၌ စတင်တည်ဆောက်ပေးခဲ့သည်။ မက်မန်းမြို့သစ်တည်ဆောက်ရေးကို ၁၉၉၁ ခုနှစ် ဇူလိုင်လတွင် တပ်မ (၇၇)၊ နည်းဗျူဟာ (၇၇၃) က ဦးစီးဆောင်ရွက်ခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြပါသည်။

**အမှတ်တရ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ**

၂၀၀၃ ခုနှစ်အတွင်း ကျင်းပပြုလုပ်သော နတလလုပ်ငန်းကော်မတီ လေးလပတ်အစည်းအဝေးတစ်ခု၌ ပတလ (ရှမ်း) ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက မက်မန်းမြို့အတွက် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ခွင့်ပြုပေးပါရန် တင်ပြခဲ့ရာ နတလလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရုတ်တရက်အံ့အားသင့်သွားပြီး **"ဟာကွာ - မက်မန်းမှာ ရုပ်သံမရှိသေးဘူးလား ... ငါတို့ တည်ပေးခဲ့တဲ့မြို့ကွ၊ ရပြီးပြီထင်နေတာ၊ တော်တော်နောက်ကျနေပြီ၊ ပေးမယ်ကွာ"** ဟု ပြော၍ ခွင့်ပြုပေးခဲ့သည်ကို ကျွန်တော် အမှတ်ရမိသည်။ နတလအနေဖြင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံများကို ၁၉၉၄ ခုနှစ်အတွင်းမှာပင် ပန်ဆန်း၊ မိုင်းမော၊ လောက်ကိုင်၊ မိုင်းယန်း၊ မိုင်းခတ်၊ ဆီလူး၊ မိုင်းလား၊ နမ့်ဖတ်ကာ၊ မိုင်းဆတ်၊ ဘုတ်ပြင်း၊ ကလိန်အောင်၊ တနိုင်းနှင့် ဖာပွန်တို့တွင် တည်ဆောက်ထုတ်လွှင့် ပြသပေးနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၂ ခုနှစ်အထိမှာပင် ၉၃ ရုံ ခွင့်ပြုချထားပေးပြီး ဖြစ်ပါသည်။ ***စာမျက်နှာ ၁၇ သို့***



မက်မန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းကို တွေ့ရစဉ်။



ဆွတ်ပိုး တိုက်နယ်ဆေးရုံကို တွေ့ရစဉ်။



ဆွတ်ပိုးကျေးရွာအုပ်စုအတွင်းရှိ နမ့်ကျွတ် – ပန်ကောက် – ရောင်ပန် မြေလမ်း ၁၂/၀ မိုင် ဖောက်လုပ်ထားစဉ်။



နမ့်တော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို တွေ့ရစဉ်။

*စာမျက်နှာ ၁၆ မှ*

ဤမည်သော အကြောင်းတရားများအပြင် မော်ဖဒေသ၏ စတင်ဖြစ်တည်ရာနှင့် ယခင် ယခု အခြေအနေများကို အတန်အသင့် တွေ့မြင်သိရှိထားသောကြောင့် မော်ဖဒေသ မက်မန်းကကျွန်တော့်ရင်ထဲသို့ တိုးဝင်ရောက်ရှိနေသည်မှာ ဆယ်စုနှစ် သုံးခုနီးပါးမျှ ရှိနေချေပြီတကား။

**လျှပ်တစ်ပြက် မက်မန်းခရီးစဉ်**

မက်မန်းမြို့လေးရှိရာသို့ ဒုတိယအကြိမ် ရောက်ရှိလာခြင်းသည် ကျွန်တော့်ရင်ထဲက ပြင်းပြသောဆန္ဒတစ်ခုကို အကြောင်းပြု၍ ရောက်လာခြင်းဖြစ်ကြောင်း ပြောခဲ့ပြီးဖြစ်သည်။ မည်သို့သောဆန္ဒများ ဖြစ်ပေါ်နေခဲ့ပါသနည်း။ ၂၀၁၈ ခုနှစ် ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးကတည်းက မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ အ-ထ-က ကျောင်းများမှ ၉ တန်း၊ ၁၀ တန်း၊ ကျောင်းသား ကျောင်းသူလေးများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနေဖြင့် မိမိတာဝန်ထမ်းဆောင်ခဲ့သော နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့သို့ တက်ရောက်ခွင့်ရရှိရေး သိသင့်သိထိုက်သည်များကို ရှင်းလင်းဟောပြောခဲ့သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ရည်ရွယ်ချက်၊ သင်ကြားပေးသော ဘာသာရပ်များ၊ B.Ed ငါးနှစ်သင်တန်းအတွက် သတ်မှတ်ချက်များ၊ ဒီဂရီကောလိပ်များတွင် သင်ကြားပေးသည့် အင်ဂျင်နီယာ A.G.T.I (ဒီပလိုမာ)၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့များအတွက် သတ်မှတ်ချက်များ၊ ဘွဲ့ရ သင်တန်းဆင်းပြီးသည်နှင့် အလုပ်တာဝန်ခန့်ထားပေးမှုများ၊ အရည်အချင်းမီသူများက M.Ed တက်ခွင့်၊ BE, ME တက်ခွင့်၊ MA, M.Sc ဆက်လက်သင်ယူခွင့်ရှိသည်များ၊ ထူးချွန်သူများအနေဖြင့် ပါရဂူဘွဲ့ Ph.D အထိ သင်ယူနိုင်သည့် အခွင့်အရေးများ၊ သင်တန်းကာလအတွင်း နိုင်ငံတော်က အစစတာဝန်ယူ၍ ကျွေးမွေးစောင့်ရှောက်ထားပုံ၊ စည်းကမ်းတကျ နေထိုင်ရပုံများကို ရှင်းလင်းပြောကြားခဲ့သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒခံယူပြီးမှ ကျောင်းဆင်းရသော တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ကြောင်း ဂုဏ်ယူစွာရှင်းပြခဲ့သည်။

တက္ကသိုလ်၊ ကောလိပ်များက ထုတ်ဝေသည့် နှစ်လည်မဂ္ဂဇင်းစာအုပ်များကို ကျောင်းစာကြည့်တိုက်များအတွက် ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ကြားဖူးကြသော်လည်း ဒီဂရီကောလိပ်များနှင့်ပတ်သက်၍ မသိသူ၊ မကြားဖူးသူ အတော်များပါသည်။ လေးမျက်နှာမြို့နယ်တွင်သာမက အင်္ဂပူမြို့နယ် ကျွဲသောင် အ-ထ-က မှာလည်း ဟောပြောခဲ့သည်။ ရေကြည်၊ မြန်အောင်၊ ကျောင်းကုန်းမြို့နယ်များတွင် တော့ ကိုယ်တိုင်မသွားနိုင်သောကြောင့် အသိမိတ်ဆွေများကတစ်ဆင့် မဂ္ဂဇင်းစာအုပ်များ၊ လေ့လာရန် မေးခွန်းဟောင်းများ ဖြန့်ဝေပေးခဲ့သည်။ ကချင်ပြည်နယ်အတွင်းရှိ ပူတာအို အ-ထ-က ကျောင်း၌လည်းကောင်း၊ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ အ-ထ-က ခေါင်လန်ဖူး၊ အ-ထ-က ဇန်ယော့၊ အ-ထ-က(ခွဲ) ရှိန်းခေါင်ကျောင်းများမှ ၁၀ တန်း



မက်မန်းမြို့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။

ကျောင်းသား ကျောင်းသူများအား အ-ထ-က ခေါင်လန်ဖူးတွင် လည်းကောင်း တွေ့ဆုံ၍ ရှင်းလင်းပြောကြားခဲ့သည်။

ထိုအကြောင်းအရာများကို အ-ထ-က မက်မန်းရှိ ကျောင်းသား ကျောင်းသူများအား ရှင်းပြချင်သည်။ သူတို့လေးတွေ သိစေချင်သည်။ တက်ရောက်ခွင့်ရစေချင်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ မဖြေဆိုမီကာလမှာပင် မက်မန်းသို့ အရောက်သွားချင်စိတ်က တဖွားဖွား ပေါ်ပေါက်လာသည်။ မိမိက စေတနာထက်သန်ပြင်းပြနေ၍ပဲလားတော့မသိ၊ ခရီးသွားနိုင်ရေး ကူညီမည့်မိတ်ဆွေများ ပေါ်ပေါက်လာပါတော့သည်။ နေပြည်တော်က ဦးအောင်မင်းထွန်းနှင့် မက်မန်းမြို့က ဦးမိုးခိုင်တို့ပဲ ဖြစ်သည်။ ဦးမိုးခိုင်ကို မက်မန်းဒေသက လူတွေက ကိုဗလဟု ခေါ်ကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဟောပြောခွင့်ရရှိရေးကိုတော့ မိမိတို့ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်က မက်မန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် ဆက်သွယ်ညှိနှိုင်းပေးခဲ့သည်။

ယင်းသို့ ညှိနှိုင်းပြီးနောက် မတ်လ ၂ ရက်နေ့တွင် နေပြည်တော် – နမ့်စန်၊ မတ်လ ၃ ရက်တွင် နမ့်စန် – မိုင်းပျဉ်း၊ မတ်လ ၄ ရက်တွင် မိုင်းပျဉ်း – မက်မန်း ခရီးစဉ်အတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာကာ မက်မန်းမြို့လေးသို့မွန်းတည့် ၁၂ နာရီမထိုးမီ အရောက်ဝင်ခဲ့သည်။ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဟောပြောခြင်းကို မွန်းလွဲ ၁ နာရီအချိန် အ-ထ-က မက်မန်း၏ စာသင်ခန်းတစ်ခုတွင် စီစဉ်ထားကြောင်း သိရသည်။ ကျောင်းအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များက ထုတ်ဝေသော စာအုပ်များ လှူဒါန်းမည်။ မြို့နယ်ပြန်/ဆက်ရုံးအတွက်လည်း သုတ၊ ရသ စာအုပ်စာစောင်များလှူရန် တစ်ပါတည်း သယ်ဆောင်လာခဲ့၏။

မက်မန်းမြို့သို့အရောက် ကိုဗလအိမ်မှာပဲ တည်းကြသည်။ သူ့အိမ်မှာ မက်မန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များက လာရောက်စောင့်ကြိုနှုတ်ဆက်ကြသည်။ သူတို့နှင့်အတူ အ-ထ-က မက်မန်းကျောင်းသို့ သွားခဲ့သည်။ စာသင်ကျောင်းက ကိုဗလအိမ်နှင့် နီးနီးလေးပင်။ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သန်းထွေးခင်၊ အ-ထ-က မက်မန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိအောင်နှင့် ဆရာဆရာမများက ကျောင်းအဝင်မှ ကြိုကြသည်။ ပြန်/ဆက် တာဝန်ခံ ဒေါ်လေးလေကိုလည်း ဖိတ်ထားပေးသည်ကို တွေ့ရ၏။ တက်ရောက်လာသည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများမှာ ကျောင်းမှ ၄၆ ဦး၊ ပြင်ပဖြေ ၁၇ ဦး စုစုပေါင်း ၆၃ ဦးဖြစ်ပါသည်။ ထိုအထဲတွင် ကိုရင်များလည်းပါ၏။ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ကြိုးစားဖြေဆိုကြရန် ကနဦး တိုက်တွန်းမှာကြားသည်။ ယင်းနောက် တက္ကသိုလ်၊ ကောလိပ်များအကြောင်း ရှင်းပြသည်။ ကျွန်တော်ထင်သည့်အတိုင်းပင် ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ကြားဖူးကြသော်လည်း ဒီဂရီကောလိပ်များအကြောင်း မသိကြပါ။ သေချာရှင်းလင်း ပြောကြားခဲ့သည်။ ဆက်လက်၍ စာအုပ်စာစောင်များ လှူဒါန်းခဲ့ပါသည်။

**မင်းရန်အောင်စေတီကို ဖူးခဲ့သည်**

ပထမအကြိမ် ရောက်ခဲ့စဉ်ကလည်း ဖူးခဲ့သည်။ ယခုတစ်ခေါက် မတ်လ ၄ ရက်နေ့ ညနေပိုင်းမှာလည်း မင်းရန်အောင်စေတီတော်ထံပါး ခဝပ်တွား၍ ရှိခိုးကော်ရော် ဖူးမြော်ကြည်ညိုခဲ့ပါသည်။ မင်းရန်အောင် စစ်ဆင်ရေးတွင် အသက်ပေးလှူခဲ့ကြသော အရာရှိ စစ်သည်များအား ရည်စူး၍ မော်ဖဒေသတွင် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားပြီး ဒေသခံတိုင်းရင်းသားများ ကြည်ညိုသဒ္ဓါပွားနိုင်စေရန်နှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ရှေ့တန်းအမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်နှင့် နည်းဗျူဟာစစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့များ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖွံ့ဖြိုးရေးဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများဖြင့် မင်းရန်အောင် စေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်အုတ်မြစ်ချခဲ့ပြီး ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် တည်ဆောက်ပြီးစီး ဘုရားအနေကဇာတင်ခဲ့သည်။ စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ဖိနပ်တော်မှ စိန်ဖူးတော်အထိ ၄၁ ပေ ၄ လက်မရှိကြောင်း ကမ္ပည်း မော်ကွန်းကျောက်စာ၌ တွေ့ခဲ့ရ၏။

**ထပ်မံဖူးမြော်ရမည့် ရုပ်ပွားတော်တစ်ဆူ**

မက်မန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းအောင်နှင့် နယ်မြေခံ နယ်ခြားစောင့်တပ်မှ တပ်မှူး ဗိုလ်မှူး စိုင်းယီတို့ ဦးဆောင်ဦးရွက်ပြုကာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အလှူဒါနများပါဝင်လျက် အောင်တော်မူ လာဘမုနိရုပ်ပွားတော်မြတ်ကြီးကို မက်မန်းမြို့ အရှေ့တောင် ယွန်းယွန်း အဘယကုန်းတော်ပေါ်တွင် တည်ထားနေပြီ ဖြစ်သည်။ လိုဏ်ပုံ သဏ္ဌာန် ကမ္ဘာလုံးပေါ်တွင် စကြာမုဒြာရုပ်ပွားတော်တစ်ဆူ ထိုင်နေတော်မူဟန် တည်ထားမည်ဖြစ်ပြီး စုစုပေါင်း ဉာဏ်တော်အမြင့် ၄၅ ပေရှိကြောင်း၊ ဘုရားဘွဲ့တော်နှင့် ဘုရားကုန်းတော် အမည်များကို မက်မန်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ပညာဒီပဘုန်းတော်ကြီး စာသင်တိုက်မှ ဆရာတော်ကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒာသီရိက သမုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ မန္တလေးမြို့ ဝါးချက် ဦးကျော်သန်း မြန်မာမှုအဖွဲ့က တည်ထားမည်ဖြစ်ပြီး ဆက်လက်၍လည်း ယင်းရုပ်ပွားတော်ကြီးအနီး၌ နဂါးရုံဘုရားတစ်ဆူ တည်ထားဦးမည်ဖြစ်ပေရာ ကုသိုလ်ရှင်၊ စေတနာရှင်များအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ အကယ်၍သာ ကျွန်တော်သည် တတိယအကြိမ်မြောက်အဖြစ် မက်မန်းမြို့လေးသို့ ထပ်မံရောက်ခဲ့ပါမူ ယင်းဘုရားအဆူဆူတို့ကို ဖူးမြော်ခွင့်ရပါလိမ့်ဦးမည်။ သို့သော် မသေချာတော့ပြီ။

**အေးကျန့်ရွာလေးသို့ အမှတ်တရ**

မက်မန်းသို့ ရောက်တုန်းရောက်ခိုက် အေးကျန့်ရွာလေးရှိရာသို့ သွားခဲ့ကြသေးသည်။ ထိုနေရာမှ လှမ်းမျှော်ကြည့်လျှင် ပွိုင့် ၆၀၂၈ တောင်ကုန်း၊ ပွိုင့် ၇၁၂၃ လွယ်ဟိုလာကုန်းတို့ကို မြင်နေရပါသည်။ လွယ်ဟိုလာဟု ဆိုလိုက်သည်နှင့် ထိုကုန်းအနီးတစ်ဝိုက်မှာ ကျောက်ချဉ်ပေါင်၊ ကျောက်ချင်း၊ တစ်ပင်တိုင်မျှစ်၊ မြက်ကြွပ်၊ ဝါးရောင်းချဉ်၊ ကြိမ်ခါးဖူး၊ မင်းဘောဖူး စသောအသီးအရွက်များ ရှာဖွေစားသောက်ခဲ့ရသည်ကို အမှတ်ရနေမည့် အရာရှိ အကြပ်စစ်သည်များစွာ ရှိနေပါလိမ့်မည်။ နောက်တစ်နေ့ မတ်လ ၅ ရက်နေ့မှာ မက်မန်းမြို့လေးမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ နှုတ်ဆက်ခဲ့ပါတယ် မက်မန်းမြို့လေးရေ ... ။ ။

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၁**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရွှိပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၃ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်းတိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၀ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**



# မွန်ပြည်နယ်၌ မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပမည်

**မော်လမြိုင် ဧပြီ ၁**

၂၀၂၂ ခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၃၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက နှစ်သစ်ကူး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကိုဗစ် -၁၉ စည်းကမ်းချက်နှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ပြည်သူများ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားကြောင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် လုံခြုံရေးအစီအမံများကို စီမံချက်ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် ကျင်းပရေးလုပ်ငန်းကော်မတီများက ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီဝင်များက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများက အကြံပြုဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၉-၃-၂၀၂၂ နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၃၁-၁-၂၀၂၂ နေ့မှ ၁၁-၃-၂၀၂၂ နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ အထွေထွေ ၁၂ ဦး ပေါင်း ၁၄ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီ လုပ်ငန်းလျှောက်ထားသူနှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၁၄၅ ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၃၉၁ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၃၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ၂၀၂၂ ခုနှစ်အတွင်း ဖေဖော်ဝါရီလမှ မတ်လအထိ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အသားလုံး၊ အသားချောင်းနမူနာများစာရင်း

*ယမန်နေ့မှ အဆက်*

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံ အရွယ်အစား | တာရှည်ခံပစ္စည်းသုံးမှု | ပစ္စည်းနမူနာပုံများ |
|---|---|---|---|---|
| ၁၀။ | အသားချောင်း (အနီ) | Thailand စာသားပါ (ကြက်ဖပုံ) (1000 g / Plastic Pack) (Exp:16.2.2022) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၁၁။ | အသားလုံး (ပန်းရောင်) | Thailand စာသားပါ(ဂဏန်း) (500 g / Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၁၂။ | ကြက်သား အသားဘောလုံး | B4 New (1000 g / Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၁၃။ | အသားချောင်း | Thailand စာသားပါ (1000 g / Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၁၄။ | ဗီယက်နမ်စတိုင် ကြက်အူချောင်း | ဖွန်းစဝမ်း (PS–Food Delicious) (1000 g / Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၁၅။ | ကြက်သားလုံး | B.B. ကြက်ဘီဘီ (1000 g / Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၁၆။ | ဗီယက်နမ်စတိုင် ပုစွန် ကြက်အူချောင်း | ဖွန်းစဝမ်း (PS–Food Delicious) (1000 g / Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၁၇။ | Fish Tofu | JSP Food (500 g / Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၁၈။ | အသားလုံး | Thailand စာသားပါ (Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၁၉။ | HOTDOG Sausage | P&J (1000 g / Plastic Pack) Mfg–22/12/2021 Exp–11/1/2022 | **Sorbic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၂၀။ | အသားလုံး (အဝါရောင်) | TRK (500 g / Plastic Pack) Mfg–26/1/2022 Exp–9/2/2022 | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |
| ၂၁။ | အသားချောင်း (အဝါရောင်) | Top GP (500 g / Plastic Pack) | **Benzoic Acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  |

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

# မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိရာ ဧပြီ ၁ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၄၉ မျိုး စုစုပေါင်း ၁၇၇၈၂၆ ဒသမ ၂၂ KG တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဧပြီ ၁**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၄-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၂၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၄၅/၂၁၈၀ ကျပ် | ၂၁၉၅/၂၂၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၅၅/၂၁၉၅ ကျပ် | ၂၂၂၀/၂၂၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၀/၂၀၀၅ ကျပ် | ၂၀၄၅/၂၀၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅/၂၀၈၅ ကျပ် | ၂၁၇၀/၂၂၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၇၈ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၄၀၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၅၇ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၇၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၂၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၉၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၁၀၀ | ၈၁၀၀၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၂၇၀၀၀၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၂ | ၁၆၉၄၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၃၅၅ | ၉၂၃၀၀၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၄၀ | ၁၉၆၂၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၄-၂၀၂၂ စနေနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ မတ်လ)(ပထမပိုင်း)
- ၀၉:၅၀ သင်္ကြန်အဆိုအကများ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်(၇၁)
- ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ **'ရပ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၁၄)
- ၁၃:၃၀ MRTV National News
- ၁၅:၃၅ သင်္ကြန်အဆိုအကများ
- ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'မိတ်ဆွေဟူသည်'
- ၁၆:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ မတ်လ)(ဒုတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
- ၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ လျှို့ဝှက်ချက်'** (အပိုင်း-၇၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ထောင်စုဖလား ....ညီနောင်များအငြိမ့်

**mitv**

- 07:01 Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Weekly Review
- 07:24 Let's Taste Delicious Insects
- 07:36 Will you feed the pigeons?
- 07:41 Myanmar Designer Studio: Tatee
- 08:01 Quiz Time
- 09:01 News
- 09:26 Global Partnership for Brighter Future: Bahamas Pavilion at Expo 2020 Dubai
- 09:34 Ecotourism: The Famous Zalon Mountain
- 09:48 Thingyan Songs & Dances
- 10:01 Myanmar Childhood Games (Episode-2)

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** လူသားအားလုံးကျန်းမာဖို့ နဂါးမောက်သီးစားကြပါစို့
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ပျော်ရွှင်ဆင်နွဲရိုးရာသင်္ကြန်ပွဲ
- **ချင်း(လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)** ဝက်ယူစံထား ဘောလုံးသမားဆလိုင်းလာလ်ကျဲအိုလွယ်
- **ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** အပဲသားလိပ်နှင့်ငရုတ်ကောင်းဆော့စ်
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** မွန်ရိုးရာတူရိယာ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၈)
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ရွှေတိဂုံမြို့တော်
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** မြူးကြွတေးသံ NRCသင်္ကြန် (အပိုင်း-၁)
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** ပန်ပက်ကျေးရွာမှ ကယန်းတိုင်းရင်းသားများ
- **ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** တိမ်ပင်လယ်သို့ခြေဆန့်ခြင်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ မတ်လ)(အပိုင်း-၂)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လူချင်းအတူတူ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၃၀ နိုင်ငံတကာဈေးကွက်ဆီသို့အရောက်သွားမည့် မြန်မာ့ပဲတီစိမ်း
- ၀၇:၅၀ စားသုံးသူများကျန်းမာရေးဓာတုကင်းလွတ် စိုက်ပျိုးပေး
- ၀၈:၂၀ ထန်းပင်တွေရဲ့အကြောင်း ထန်းတောင်သူတို့ရဲ့ဘဝ
- ၀၉:၂၀ မြန်မာ့လယ်ယာထွက်ကုန်များဖြင့် တန်ဖိုးမြင့်ထုတ်ကုန်

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၃၁) မှာ တန်းဆင်းဇုန်မှ ဘန်လေက ဦးဆောင်သူ မန်စီးတီး၊ အဆင့် (၄) အတွင်းဝင်ဖို့ အမှားခံလို့မရတော့တဲ့ မန်ယူက ကစားရခက်တဲ့ လက်စတာအသင်းတို့ ဆုံတွေ့နေတဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# အိုးထရက်ဖို့ဒ်မှာ လက်စတာကို မန်ယူ အနိုင်ယူနိုင်မလား. . .

## ဘရိုက်တန် VS နော့ဝှစ်ချ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု နော့ဝှစ်ချ် ၀-၀ ဘရိုက်တန်**

ဘရိုက်တန်အသင်းရော နော့ဝှစ်ချ်အသင်းပါ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ငါးပွဲစလုံးရှုံးနိမ့်ထားတာ တွေ့ရတယ်။ ယခုပွဲစဉ်က နှစ်သင်းစလုံး နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ အကောင်းဆုံး ကြိုးစားလာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ တန်းဆင်းဇုန်အောက်ဆုံးမှာ ရပ်တည်နေတဲ့ နော့ဝှစ်ချ်အတွက် အမှားခံလို့မရတာကြောင့် ခြေကုန်ထုတ်လာမှာပါ။ ဒီရာသီတိုက်စစ်၊ ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ်ရှိနေတဲ့ နော့ဝှစ်ချ် နိုင်ပွဲပြန်လည်ရှာတွေ့မယ်။

## ဘန်လေ VS မန်စီးတီး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု မန်စီးတီး ၂-၀ ဘန်လေ**

မန်စီးတီးက ဒုတိယနေရာမှလီဗာပူးအသင်းနဲ့ ရမှတ်ကွာဟမှုတစ်မှတ်သာရှိတော့တာကြောင့် ဘန်လေအသင်းကို အနိုင်ရရှိရေး အားစိုက်ကစားလာမှာပါ။ ဘန်လေအသင်းကလည်း တန်းဆင်းဇုန်အတွင်းက လွတ်မြောက်ဖို့ နိုင်ပွဲရရှိရေးဦးတည်လာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲပါ။ ခံစစ်အားနည်းတတ်တဲ့ ဘန်လေအသင်းအနေနဲ့ တိုက်စစ်ထက်မြက်တဲ့ မန်စီးတီးအသင်းကို အနိုင်ရဖို့ မလွယ်ဘူး။ မန်စီးတီးအသင်း နိုင်ပွဲရရှိမယ်။

## စပါး VS ကာဆယ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ကာဆယ် ၂-၃ စပါး**

ဒီနှစ်သင်းယှဉ်ပြိုင်ကစားခဲ့တဲ့ နောက်ဆုံးပွဲစဉ်မှာ အပြန်အလှန်သွင်းဂိုးတွေနဲ့ အကြိတ်အနယ်ရှိခဲ့တယ်။ စပါးအသင်းက ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေတာကြောင့် အသေအချာပြင်ဆင်လာမှာပါ။ ကာဆယ်အသင်းက နောက်ဆုံးနှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ထားတာကြောင့် နိုင်ပွဲရရှိရေး အာရုံစိုက်လာမှာပါ။ ဟယ်ရီကိန်း၊ ဆွန်ဟောင်မင်တို့ ခြေစွမ်းပြနှင့်အတူ နိုင်ပွဲဆက်နေတဲ့ စပါးအနေနဲ့ ကာဆယ်အသင်းကို နိုင်ဖွယ်ရာရှိတယ်။

## ပဲလေ့စ် VS အာဆင်နယ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု အာဆင်နယ် ၂-၂ ပဲလေ့စ်**

ပဲလေ့စ်အသင်းရော အာဆင်နယ်အသင်းပါ ခြေစွမ်းကောင်းမွန်နေတာ တွေ့ရတယ်။ ပဲလေ့စ်က အမှတ်ပေးဇယားအထက်ပိုင်းတက်လှမ်းဖို့ ကြိုးစားလာမှာဖြစ်သလို အာဆင်နယ်အသင်းကလည်း အဆင့် (၄) နေရာမှာ ဆက်လက်ရပ်တည်နိုင်ဖို့ ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲပါ။ အပြန်အလှန်သွင်းဂိုးတွေမြင်တွေ့ရဖွယ်ရှိပြီး အဝေးကွင်းအားနည်းတတ်တဲ့ အာဆင်နယ် ပဲလေ့စ်အသင်းကို ခက်ခက်ခဲခဲကစားရမယ်။

## မန်ယူ VS လက်စတာ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု လက်စတာ ၄-၂ မန်ယူ**

မန်ယူအသင်းအနေနဲ့ လက်စတာကို နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှုမှာ သုံးကြိမ်စလုံးရှုံးနိမ့်ထားတယ်။ မန်ယူက လက်စတာအသင်းထက်မှာ ရပ်တည်နေတယ်ဆိုပေမယ့် တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းမှာ နှစ်သင်းကြားကွာဟမှု သိပ်မရှိဘူး။ ဒါပေမယ့် မန်ယူအသင်းက အဆင့် (၄) အတွင်းဝင်ဖို့ လက်ကျန်ပွဲစဉ်တွေက ဗိုလ်လုပွဲသဖွယ် အရေးပါနေတယ်။ လက်စတာအသင်းကလည်း ယူရိုပါလိဂ်ဝင်ခွင့်မျှော်လင့်ချက်အတွက် ခြေကုန်ထုတ်လာမှာပါ။ မည်သို့ပင်ဆိုစေ မန်ယူအသင်းအနေနဲ့ ယခုပွဲစဉ်မှာသာ ရှုံးပွဲကြုံတွေ့ခဲ့ရင် အဆင့် (၄) အတွင်းဝင်ရေး မျှော်လင့်ချက် မှေးမှိန်သွားမှာဖြစ်တာကြောင့် ခက်ခက်ခဲခဲကစားပြီး မန်ယူအသင်း ကပ်နိုင်မယ်။

### ပရီမီယာလိဂ်ပွဲစဉ် (၃၁)

| | | | | |
|---|---|---|---|---|
| ၂-၄-၂၀၂၂ | | | | စနေနေ့ |
| လီဗာပူး | - | ဝက်ဖို့ဒ် | ည | ၆:၀၀ |
| ဘရိုက်တန် | - | နော့ဝှစ်ချ် | ည | ၈:၃၀ |
| ဘန်လေ | - | မန်စီးတီး | ည | ၈:၃၀ |
| ချယ်ဆီး | - | ဘရန့်ဖို့ဒ် | ည | ၈:၃၀ |
| လီဒ်စ် | - | ဆောက်သမ်တန် | ည | ၈:၃၀ |
| ဝုဖ် | - | အက်စ်တွန်ဗီလာ | ည | ၈:၃၀ |
| မန်ယူ | - | လက်စတာ | ည | ၁၁:၀၀ |
| ၃-၄-၂၀၂၂ | | | | တနင်္ဂနွေနေ့ |
| ဝက်စ်ဟမ်း | - | အဲဗာတန် | ည | ၇:၃၀ |
| စပါး | - | ကာဆယ် | ည | ၁၀:၀၀ |
| ၄-၄-၂၀၂၂ | | | | တနင်္လာနေ့ |
| ပဲလေ့စ် | - | အာဆင်နယ် | နံနက် | ၁:၃၀ |




## မီယာမီအိုးပင်းဗိုလ်လုပွဲသို့ အိုဆာကာ တက်လှမ်း

ဂျပန်တင်းနစ်မယ် နာအိုမီအိုဆာကာသည် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဆွစ်ဇာလန်တင်းနစ်မယ် ဘီလင်ဒါ ဘင်းဆစ်နှင့် နှစ်နာရီကျော်ကြာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ၄-၆၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ မီယာမီအိုးပင်းဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ ဂရင်းဆလမ်းချန်ပီယံဆုကို လေးကြိမ် ဆွတ်ခူးရရှိထားသော အိုဆာကာသည် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဆွီယာတက်ခ်သည် ဆီမီးဖိုင်နယ်တွင် ပီဂူလာကို ၆-၂၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။

### သတင်းတိုများ

- မန်ယူကစားသမား ဖာနန်ဒက်စ်သည် အိုးထရက်ဖို့ဒ်၌ ၂၀၂၆ ခုနှစ်အထိရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်သည်။
- အင်တာမီလန်အသင်းသည် ချယ်ဆီးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူကို အငှားပြန်လည်ခေါ်ယူဖွယ်ရှိနေသည်။
- မန်ယူအသင်းသည် စပါးအသင်းမှ ဟယ်ရီကိန်းကို ခေါ်ယူရန် မာရှယ်ကို အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုဖွယ်ရှိနေသည်။
- အင်္ဂလန်ကွင်းလယ် ကစားသမား ဖီးလစ်သည် နွေရာသီတွင် စာချုပ်သစ်ချုပ်ဆိုလိုကြောင်း လိဒ်စ်အသင်းသို့ ပြောကြားလိုက်သည်။



## ပိုချက်တီနို၊ တန်ဟတ်နဲ့ အိုးထရက်ဖို့ဒ် အနာဂတ်

**မန်ယူအသင်းအနေနဲ့ ကာရာဘောင်ဖလားပြိုင်ပွဲ၊ အက်ဖ်အေဖလားပြိုင်ပွဲနဲ့ ချန်ပီယံလိဂ်ဖလားပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပြီ ဖြစ်တယ်။**

အမှတ်ပေးဖလားမှာလည်း ချန်ပီယံဖြစ်ဖို့ မဆိုထားဘဲ လာမယ့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ပင် လက်ကျန်ပွဲစဉ်တွေကို ရေကုန်ရေခန်းယှဉ်ပြိုင်ကစားရဖွယ်ရှိတယ်။ လက်ကျန်ပွဲစဉ်တွေ အနိုင်ရရှိခဲ့ရင်တောင် အာဆင်နယ်၊ စပါးအသင်းတို့ရဲ့ အခြေအနေကို ကြည့်ရဦးမှာဆိုတော့ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်မရှိတဲ့ အနေအထားရောက်နေတာကြောင့် ယခုနှစ်မှာလည်းဖလားလက်မဲ့ရာသီကိုဆက်လက်ဖြတ်သန်းရတော့မှာပါ။

ဒါကြောင့် မန်ယူအသင်းတာဝန်ရှိသူတွေဟာ လက်ရှိယာယီနည်းပြ ရန်းနစ်ခ်ကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်လိုခြင်းမရှိဘဲ လာမယ့်နှစ်မှာ နည်းပြသစ်တစ်ဦး ခန့်အပ်ဖို့ အခုကတည်းက ကြိုတင်ပြင်ဆင်နေတာဖြစ်တယ်။

မန်ယူအသင်း စိတ်ဝင်စားနေတဲ့ နည်းပြတွေထဲမှာ ပီအက်စ်ဂျီနည်းပြ ပိုချက်တီနို၊ စပိန်နည်းပြ အင်းနရစ်နဲ့ အိုင်းယက်စ်နည်းပြ တန်ဟတ်တို့ ထိပ်ဆုံးက ပါဝင်နေတယ်။ အဲဒီထဲမှာ စပိန်နည်းပြ အင်းနရစ်အနေနဲ့ လာမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲကိုသာ အာရုံစိုက်နေတဲ့အတွက် အိုးထရက်ဖို့ဒ်ကို ရောက်လာနိုင်ခြေ နည်းတယ်။

### ပိုချက်တီနို

ဒီတစ်ကြိမ်မှာလည်း မန်ယူအသင်းရဲ့ နည်းပြခန့်အပ်ဖို့ ရေပန်းအစားဆုံးစာရင်းမှာ ပိုချက်တီနို ပါဝင်နေပြန်တယ်။ မန်ယူအသင်းအနေနဲ့ ပိုချက်တီနိုကို ၂၀၁၆ ခုနှစ်က မော်ရင်ဟိုကို နည်းပြမခန့်ခင်မှာ တစ်ကြိမ် နည်းပြခန့်အပ်ဖို့ ကြိုးစားခဲ့သလို ၂၀၁၈ ခုနှစ်က ဆိုးလ်ရှားကို နည်းပြမခန့်ခင် တစ်ကြိမ် နည်းပြခန့်အပ်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ ပြောမယ်ဆိုရင် အခုယာယီနည်းပြ ရန်းနစ်ခ် မခန့်အပ်ခင်က ပိုချက်တီနိုကို ခန့်အပ်မယ်ဆိုပြီး သတင်းထွက်ပေါ်ခဲ့သေးတယ်။ မန်ယူအသင်းဟာ လိုချင်တာနဲ့ ရလာတာ ထပ်တူမကျတဲ့အခါတိုင်း၊ အသင်းရလဒ်ဆိုးရွားလာတဲ့အခါတိုင်း ပိုချက်တီနိုကို နည်းပြခန့်အပ်ဖို့ စဉ်းစားလေ့ရှိတယ်ဆိုပေမယ့် ကျော်တော့လေ့သူကြီး၊ ညားတော့ လေ့ထိုးသားလိုဖြစ်ဖြစ်နေတော့ ဒီတစ်ကြိမ်မှာလည်း ခပ်မြင့်မြင့်မျှော်လင့်ဖို့ ခက်နေသေးတယ်လို့ ဆိုကြတယ်။

နောက်ဆုံးထွက်ပေါ်လာတဲ့ သတင်းတွေမှာ မန်ယူအသင်းအနေနဲ့ နည်းပြသစ်ခန့်အပ်ဖို့နဲ့ပတ်သက်ပြီး ပိုချက်တီနိုနဲ့ အင်တာဗျူးခဲ့ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားတာတွေ့ရတယ်။ ဒါပေမယ့်လည်း ပိုချက်တီနိုအနေနဲ့ ပီအက်စ်ဂျီလိုအသင်းမှာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်အတွဲလို့ ဆိုနိုင်တဲ့ နေမာ၊ အမ်ဘတ်ပီ၊ မက်ဆီတို့ ရှိတာတောင် ပြင်သစ်ဖလားပြိုင်ပွဲမှာ ၁၆ သင်းအဆင့်ကနေ လှည့်ပြန်ခဲ့ရသလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ၁၆ သင်းအဆင့်ကနေ လှည့်ပြန်ခဲ့ရတာကြောင့် အသင်းလိုက်စုစည်းမှု အားနည်းတဲ့ မန်ယူအသင်းကို လမ်းကြောင်းမှန်ပေါ် ပြန်ရောက်အောင် စွမ်းဆောင်နိုင်ဖွယ် မရှိဘူးဆိုတာ မြင်သာတယ်လို့ အားကစားကျွမ်းကျင်သူတွေက အကောက်အယူ လုပ်ကြတယ်။

### တန်ဟတ်

